ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ စနေနေ့၊ (25-10-2014) (၈၀၀၄)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ကမ္ဘာနှင့် အဝှမ်း စိန်ခေါ်မှုများကို ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှနေ၍ ရင်ဆိုင်ကျော်လွှားကြရမည်




**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC 2) ၌ ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အခမ်းအနားသို့ တက်ရောက်သည်။**(ဓာတ်ပုံ)**

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂ၏ (၅၈)နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာနှင့် အဝှမ်း အဘက်ဘက်က တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများကို ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှနေ၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## မိုးရွာသွန်းမှု

၂၄-၁၀-၂၀၁၄

ထားဝယ်
၁ ဒသမ ၁၁ လက်မ
လှည်းကူး
သုည ဒသမ ၉၀ လက်မ
ကြို့ပင်ကောက်
သုည ဒသမ ၅၅ လက်မ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

# စပါးရိတ်သိမ်းခြွေလှေ့စက် လက်တွေ့သရုပ်ပြရိတ်သိမ်း



**ရန်ကုန် အောက်တိုဘာ ၂၄**

ကျေးလက်နေတောင်သူများ ခေတ်မီစက်ကိရိယာများကိုင်တွယ်အသုံးပြု၍ စပါးစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများတွင် အလေအလွင့်မရှိ ရိတ်သိမ်းခြွေလှေ့နိုင်ရေး၊ တောင်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် ရည်ရွယ်လျက် စက်မှုဝန်ကြီးဌာန အမှတ်(၃၉) အကြီးစားစက်ရုံမှ ကိုရီးယားနည်းပညာဖြင့် တပ်ဆင်ထုတ်လုပ်သော Kukje စပါးရိတ်သိမ်း ခြွေလှေ့ သရုပ်ပြပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ တောင်သူဦးမြင့်သောင်း၏ စံပြစိုက်ခင်း၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန အမှတ်(၃၉) အကြီးစားစက်ရုံမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမျိုးကျော်က စပါးရိတ်သိမ်းခြွေလှေ့စက်များရောင်းချရေးစနစ်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူဦးမြင့်သောင်း၏ လယ်မြေတွင် Kukje စပါး ရိတ်သိမ်းခြွေလှေ့စက်နှစ်စီးဖြင့် လက်တွေ့သရုပ်ပြရိတ်သိမ်းခဲ့ရာ ခရိုင်နှင့်မြို့နယ် စက်မှုလယ်ယာနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူ ၁၅၀ ကျော် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



SMART. စမတ် ရိုလာ ခြင်ဇကာ




- ခြင်အန္တရာယ် ကာကွယ်ပြီး
- သဘာဝ အလင်းရောင်၊
- လေဝင် လေထွက် ကောင်း
- ဖုန် မကပ်နိုင်

ပြတင်း/တံခါး ဆိုဒ်မျိုးစုံကို အိမ်အရောက်တပ်ဆင်ပေးသည်။

☎ 01-450 962, 09-4200 97588

SMART. (စမတ်) ရုပ်မြင်သံကြား လူခေါ်ဘဲလ်






- ◆ အလွယ်တကူမဖြုတ်ယူနိုင်သော Outdoor Unit
- ◆ အိမ်တွင်းမှနေ၍ ပြင်ပမြင်ကွင်းကို အချိန်မရွေး ခလုတ်နှိပ်ကြည့်နိုင်သည်။
- ◆ ညဖက် အမှောင်ထဲတွင်လဲ မြင်နိုင်သည်။

☎ 01-450 962, 09-431 44178

**ကြေးမုံ စာတည်းရှုထောင့်** ၂၅-၁၀-၂၀၁၄၊ စနေနေ့

# အခါမဲ့မိုးရွာသွန်းဖြိုး

ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မှာ နေ့စဉ်ရက်ဆက် မိုးရွာခဲ့သည်။ ရွာသည့်မိုးကတစ်မိုးလုံးညိုမှိုင်းပြီး သဲသဲမဲမဲရွာသည်။ မိုးသီးမိုးပေါက်များကလည်း ပုံမှန်ထက်ကြီးနေသလားထင်ရသည်။ ရန်ကုန်မြို့အနှံ့မှာနည်းသည်များသည်သာ ကွာခြားသည်။ တစ်မြို့လုံးဟုဆိုနိုင်လောက်သည်။

ပြီးခဲ့သည့် တစ်ပတ်ကျော်ကာလလောက်ကလည်း မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ ပခုက္ကူဘက်တွင် မိုးကြီးသည်းထန်စွာရွာသွန်းခဲ့သည်။ မိုးရေလျှံတက်မှုကြောင့် မြစ်ချောင်းကမ်းနားနေ နေအိမ်များ ပြိုပျက်၊ လူတချို့လည်းအပျောက်အရှုရှိသည်ဟု ဆိုသည်။ မရွာလျှင်လည်း မိုးရေတစ်စက်တောင်မရလနှင့်ချီ၍ ကြာတတ်သည်။ ရွာချပြန်တော့လည်း သဲသဲမဲမဲနှင့် အဆက်မပြတ် ရွာသွန်းဖြိုးသည်။

မိမိတို့နိုင်ငံမှ မုတ်သုံဆုတ်ခွာသွားခဲ့ပြီ။ သို့ပါလျက် အလယ်ပိုင်းဒေသနှင့် ရန်ကုန်အပါအဝင် တောင်ပိုင်းဒေသများမှာ မိုးကောင်းနေသည်။ ပုံမှန်လမ်းကြောင်းမှ ဝင်လာနေကျမုတ်သုံတော့မဟုတ်တန်ရာ။ မှန်သည်။ ယခုရက်ပိုင်း ရန်ကုန်အနှံ့ရွာသွန်းဖြိုးနေသော မိုးမှာ မုတ်သုံမိုးမဟုတ်ပါ။ အရှေ့ဘက်မှလာသော တိမ်တိုက်များကြောင့် အောက်ပိုင်းဒေသများတွင် မိုးလွန် မိုးရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး နောက်ရက်များအထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မိုးကုန် ဆောင်းကူး စပ်ကူးမပ်ကူးကာလ၊ မပူ၊ မအေးခြောက်သွေ့စပြုသည့်ကာလ၊ မိမိတို့နိုင်ငံ၏ အသာယာဆုံးကာလတွင် တစ်နည်းအားဖြင့် "ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး"ယစ်မျိုးငါးအင်ကင်းစင်၊ နက္ခတ်တာရာစုံလင် ထွန်းလင်းသော တန်ဆောင်မုန်းလရာသီ၊ သာယာလှပရာသီမျိုးတွင် ယခုလို မိုးထစ်ချုန်းရွာသွန်းလာနေသည်မှာ ပုံမှန်သဘာဝမဟုတ်ပါ။ဖောက်ပြန်ရာသီဉတု၏အကျိုးဆက်သာဖြစ်သည်။ ယခုနှစ်အတွင်း အရှေ့လေကြောင့် မိမိတို့နိုင်ငံတွင် မိုးရွာသွန်းမှုစံချိန် မှတ်မှတ်ရရနှစ်ကြိမ်မကရှိခဲ့ဖူးသည်။ တောင်တရုတ်ပင်လယ်တိုင်ဖွန်း၏ သက်ရောက်မှုဟု သိရသည်။

မည်သို့ဆိုစေ မိမိတို့နိုင်ငံ ရှမ်းကုန်းမြေမြင့်၊ ဧရာဝတီအရှေ့ဘက်မိုးနည်းရပ်ဝန်းများ၊ နိုင်ငံအောက်ပိုင်းဒေသများတွင် ဧည့်သည်လေကြောင့် မိုးရေလှိုင်ခဲ့ရသည်။ အဆိုးထဲက အကောင်းဟု ဆိုရမည်သာ။ တစ်လောက ပခုက္ကူဘက်တွင် ရွာသွန်းဒုက္ခပေးသွားသည့်မိုးက ပုံမှန်မုတ်သုံလေလည်းမဟုတ်၊ အရှေ့လေလည်း မဟုတ်ပါ။ အနောက်လေပွေလှိုင်းကြောင့်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

သဘာဝလွန်ဖြစ်ရပ်များက မိမိတို့နိုင်ငံကို အကျိုးပြုနေသလော၊ တစ်ဖက်မှာလည်း မုတ်သုံဆုတ်ပြီဆိုသည်နှင့် မိုးကုန်ပြီဟု တစ်ထစ်ချပြော၍မရနိုင်။ လက်ရှိဖြစ်စဉ်များက သက်သေပြနေသည်။ ရာသီမရွေး မိုးရွာသွန်းနိုင်သည့်သဘောဆောင်လာသည်။ အမှုမဲ့အမှတ်မဲ့နေပါက အခက်ကြုံနိုင်သောကြောင့် လက်ရှိဖြစ်စဉ်များက သတိပေးနေသည်။ ပခုက္ကူဘက်ဖြစ်ရပ်က ပူပူနွေးနွေးရှိနေသေးသည်။

မိမိတို့နိုင်ငံတွင် တောင်အရပ်နှင့် အရှေ့တောင်အရပ်က ပင်လယ်ပြင်ဖြတ်၍တိုက်ခတ်သော "မွန်ဆွန်း" ခေါ် မုတ်သုံလေကြောင့် မိုးရွာသည်။ ပုံမှန်ရာသီဉတု။ ယခုကုန်းတွင်းအရှေ့လေနှင့် အနောက်လေပွေများကြောင့် အခါမဲ့ မိုးရွာသွန်းလာပြန်သည်။ မြောက်လေအေးတစ်ခုသာ ကျန်တော့သည်။ တစ်ချိန်ချိန်မှာ မြောက်ပြန်လေအေးကြောင့်လည်း မိုးရွာသွန်းမှုရှိလာနိုင်သည်။ လက်ရှိသဘာဝလွန်ဖြစ်ရပ်များက ခန့်မှန်းရခက်သည်။

မည်သို့ဆိုစေ မိုးရွာသည်မှာ စိုက်ပျိုးရေးကို အခြေခံသော မိမိတို့နိုင်ငံအတွက် ကောင်းပါသည်။ သို့သော် သတိမပြတ်ရှိနေရမည်။ မိုးလေဝသသတင်း မပြတ်နားစွင့်နေရမည်။

သို့မှသာ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လူသားစွမ်းရည်ဖြင့် ရလဒ်ကောင်းများ ရရှိလာစေရန် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။ ။

## မြောင်းမြမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ မြောင်းမြမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့် အဆင့်(၆)စီမံချက်ဖြင့် ကွင်းဆင်းထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရှင်းလင်းပြောကြားရာတွင် မိမိတို့ဌာနအနေဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားအတိုင်း လွယ်ကူလျင်မြန်စွာရရှိရေး မိုးပွင့်စီမံချက်များဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိရန် အထောက်အထားတစ်ခုဖြစ်ပါကြောင်း၊ အရေးကြီးဆုံးအနေဖြင့် မိမိတို့၏သားသမီး လူငယ်လူရွယ်များ နိုင်ငံသားအခွင့်အရေးများမဆုံးရှုံးရစေရန်၊ နိုင်ငံသားအဖြစ်မှ စွန့်လွှတ်ခြင်းမျိုးမပြုလုပ်ကြစေရန်၊ အနာဂတ်အတွက်အားထားရသော လူသားအရင်းအမြစ်များပေါ်ထွန်းလာကြစေရေး ကြိုးစားအားထုတ်ကြပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး မိသားစုက ကွန်ပျူတာတစ်စုံနှင့် Sky Net ရုပ်သံဖမ်းစက်တစ်စုံကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

| ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း | | | | |
|---|---|---|---|---|
| ရန်ကုန် | အောက်တိုဘာ | ၂၄ | | |
| ရန်ကုန် | ရွှေဈေး | ၆၅၆၅၀၀ | - | ၆၅၇၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၆၂၀၀ | - | ၆၅၇၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၇. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၀. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၂. ၉၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၈၀၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၈. ၂၆၇၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၁. ၇၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၄. ၀၉၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၃. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




## မူခင်းများလျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြို့နယ်အတွင်း မူခင်းများလျော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ စံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ကြိုတင်ကာကွယ်မှုကိုးမျိုးကို ရှင်းပြသည်။

ထို့နောက် လူကုန်ကူးမှုနှင့် ပတ်သက်၍ လူကုန်ကူးသူများအကြောင်း၊ လူကုန်ကူးခံရသူများအကြောင်း၊ စက်တပ်ယာဉ်များအား စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ရခြင်းအကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကင်ဆာရောဂါဖြစ်ပေါ်ပြီး ဘဝဆုံးရှုံးရပုံတို့ကို Power Point ဖြင့် အသေးစိတ်ရှင်းပြပြောဆိုသည်။

ယင်းအခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးဆောင်များ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အခြားဖိတ်ကြားထားသူများတက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(မောင်သုည)



## ပြည်တွင်းရေးရာ

❖ ရှေ့ဖုံးမှ

စုပေါင်းရင်ဆိုင် ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးသည် ကုလသမဂ္ဂအဖွဲ့၏ ကနဦးရည်မှန်းချက်များအနက် တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့်နိုင်ငံဖြစ်သည်နှင့်အညီ ချူကလီးယားလက်နက်ကင်းစင်သောကမ္ဘာဖြစ်လာစေရန် အစဉ်တစိုက် ထောက်ခံအားပေးခဲ့ပါကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက နှစ်စဉ်တင်သွင်းလေ့ရှိသည့် ချူကလီးယားလက်နက်ဖျက်သိမ်းရေး အဆိုမူကြမ်းသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစု၏ ထောက်ခံမှုကိုရနေပါကြောင်း၊ အဆိုပါမူကြမ်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် မိမိတို့၏ ကတိကဝတ်နှင့် အလေးထားမှုကို ပြသနေခြင်းပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိပါကြောင်း၊ အာဆီယံ၏ တိုးတက်မှုအလားအလာကောင်းများ အပြည့်အဝရရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အာဆီယံ၏ ဒေသအဆင့် စုပေါင်းကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး တိုးတက်မြင့်မားစေရန် ဟူသည့် ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုစေပါကြောင်း။

ထို့ပြင် လူသားအားလုံးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပံ့ပိုးကူညီရာရောက်စေပါကြောင်း၊ ထို့ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားဖြစ်ထွန်းစေမည့်နယ်ပယ်များတွင် ကုလသမဂ္ဂနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟူသည့် အာဆီယံ၏ ခိုင်မြဲသည့် သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုအတွက် ကနဦးလိုအပ်သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင်လည်း ပါဝင်သည့် အားလျော်စွာ ရေရှည်တည်တံ့စေမည့် ငြိမ်းချမ်းရေးအတွက် ရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ပေါင်း (၆၀)ကျော်ကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်အကြမ်းတစ်ရပ် ပေါ်ထွက်လာအောင် ဆောင်ရွက်နေပါကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးမှုသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အရေးကိစ္စများကို ဆွေးနွေးနိုင်မည်ဖြစ်သည့်အတွက် သမိုင်းတွင်ရစ်မည့်ဖြစ်စဉ်လည်း ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန် အလားအလာ ပိုမိုနီးကပ်လာပြီဟုလည်း ယုံကြည်ပါကြောင်း။

ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရန် ရက်ပေါင်း ၄၃၀ သာကျန်ပါတော့ကြောင်း၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်း ထက်ဝက်လျှော့ချရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားမှုကျဆင်းရေး၊ မသင်မနေရမူလတန်းပညာသင်ခွင့်ရရှိရေး စသည့် ၂၀၁၅ ခုနှစ် ရည်မှန်းချက်များအားလုံးပြည့်မီစေရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အန္တိမရည်မှန်းချက်ပန်းတိုင်သည် စီးပွားရေး တိုးတက်ကောင်းမွန်ပြီး လူမှုရေးအရ အားလုံးပါဝင်ခိုင်မာသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်နိုင်ရေးဖြစ်ပါကြောင်း၊ သို့ဖြစ်၍



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖတ်ကြားစဉ်။** (သတင်းစဉ်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်နေပါကြောင်း။

မြန်မာနိုင်ငံ၏ သင့်တင့်လျောက်ပတ်သည့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေဖန်တီးလာနိုင်သည်နှင့်အမျှ နှစ်စဉ်ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တိုးတက်နှုန်းသည်လည်း ပြီးခဲ့သည့် သုံးနှစ်အတွင်း စဉ်ဆက်မပြတ်တိုးတက်နေပါကြောင်း၊ ယင်းတိုးတက်မှုများကို အခြေခံပြီး မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမည့် နိုင်ငံတွင်းလုပ်ငန်းစဉ်နှင့် နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစပျိုးဆောင်ရွက်လျက်ရှိရာတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှုများကို ကြိုဆိုလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနာတာလော့ခ်ဒက် ဆဲလ်လီယန်က ဖတ်ကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးသန့်ရှင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးတို့က (၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအားဆုများပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

# အာဆီယံအဖွဲ့အစည်းများပြန်လည်သုံးသပ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၄**

အာဆီယံအတွင်းရေးမှူးချုပ်ရုံး ပိုမိုခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သတ္တမနှင့် နောက်ဆုံးအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်အထိ မန္တလေးမြို့ Mandalay Hill Resort ဟိုတယ်၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံကိုယ်စားပြု အဆင့်မြင့်လုပ်ငန်းကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးဉာဏ်လင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုတင်ပြချက်များကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ပြီး အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ (၁၅)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းမှု ကောင်စီမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။ ယင်းအကြံပြုတင်ပြချက်များတွင် အာဆီယံအဖွဲ့အစည်းများအကြား ညှိနှိုင်းမှုလုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက် သွက်လက်ရန် အကြံပြုတင်ပြချက်များ၊ အာဆီယံပြင်ပဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ အကြံပြုတင်ပြချက်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်အားဖြည့်တင်းရေးဆိုင်ရာ အကြံပြုတင်ပြချက်များဟူ၍ သုံးပိုင်းပါဝင်ပြီး ယင်းအကြံပြုချက်များကို လတ်တလော၊ ကာလတို၊ ကာလရှည် အကောင်အထည်ဖော်ရမည့်လုပ်ငန်းများဟူ၍လည်း ခွဲခြားဖော်ပြထားသည်။

အာဆီယံပဋိညာဉ်စာတမ်း ၂၀၀၈ ခုနှစ်တွင် အာဏာသက်ဝင်လာခဲ့ပြီးနောက်တွင် အာဆီယံ၏အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ထိရောက်မှု ရှိ-မရှိ ဆန်းစစ်ရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အာဆီယံပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသည့်တာဝန်များကို ထမ်းဆောင်မှုတွင် ထိရောက်မှု ရှိ-မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် အာဆီယံ ခေါင်းဆောင်များက တာဝန်ပေးအပ်ခဲ့သည်။

ယင်းသို့ တာဝန်ပေးအပ်ချက်နှင့်အညီ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ အစည်းအဝေးပေါင်း (၇)ကြိမ်ကျင်းပပြီး ဆန်းစစ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယင်းဆန်းစစ်မှုများနှင့်အညီ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို ယခုအစည်းအဝေးတွင် အပြီးသတ်ပြုစုနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအကြံပြုချက်များသည် အာဆီယံကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ ပိုမိုတောင့်တင်းခိုင်မာရေးနှင့် ၂၀၁၅ ခုနှစ် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ချမှတ်မည့် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။

**(ကြေးမုံ)**

# ဥတ္တရသီရိမြို့နယ်၌ ကတ္တရာလမ်းသစ်များဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဂန္ဓမာလမ်း၊ မြစ်မခ (၁)လမ်း၊ မြစ်မခ(၂)လမ်းနှင့် စွယ်တော်(၂)လမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေနံ့သာရပ်ကွက် ဂန္ဓမာလမ်းထိပ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ဂန္ဓမာလမ်း၊ မြစ်မခ(၁)လမ်း၊ မြစ်မခ(၂)လမ်းနှင့် စွယ်တော်(၂)လမ်း ကတ္တရာလမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုသည်။

ဂန္ဓမာလမ်း၊ မြစ်မခ(၁)လမ်း၊ မြစ်မခ(၂)လမ်းနှင့် စွယ်တော်(၂)လမ်း ကတ္တရာလမ်းများသည် အရှည်ပေ ၄၉၁၀၊ အကျယ် ၁၂ ပေရှိကာ ယခင်မြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# နှစ်လည် အရိုးရောဂါကုညီလာခံ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်များအသင်း အရိုးရောဂါပညာအဖွဲ့ နှစ်လည် အရိုးရောဂါကုညီလာခံအား Royal Nay Pyi Taw Hotel (နေပြည်တော်)၌ နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတကာမှ အရိုးရောဂါကုဆရာဝန်ကြီးများ တက်ရောက်မည့်အပြင် Workshop များ၊ လက်တွေ့လေ့ကျင့်ခန်းများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရိုးရောဂါဆရာဝန်များ စုံညီစွာတက်ရောက်နိုင်ရေးအတွက် Dr.သန့်စင်နိုင်(အတွင်းရေးမှူး) ဖုန်း-095175279၊ Dr. ကျော်မင်းစိုး ဖုန်း-09-5106738၊ Dr. ဇော်မင်းဟန် ဖုန်း-၀၉-၂၀၀၄၁၇၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



## အိန္ဒိယလေဆိပ်များ၌ လုံခြုံရေးမြှင့်တင်

မွမ်ဘိုင်း အောက်တိုဘာ ၂၄

အိန္ဒိယနိုင်ငံ၌ အဲအင်ဒီးယား လေကြောင်းဌာန၏ လေကြောင်းခရီးစဉ်များကို အသေခံဗုံးခွဲတိုက်ခိုက်မည်ဆိုသော ခြိမ်းခြောက်မှုပေါ်ထွက်လာခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တပ်လှန့်ထားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် အာမက်ဒါဘတ်မြို့တို့ရှိ လေဆိပ်များမှ စတင်ထွက်ခွာသော လေကြောင်းခရီးစဉ် ပျံသန်းသည့် လေယာဉ်များအား ပစ်မှတ်ထားကာ တိုက်ခိုက်သွားမည်ဟု ဖော်ပြထားသည့် ခြိမ်းခြောက်စာတစ်စောင်ကို လေဆိပ်များက လက်ခံရရှိခဲ့ပြီးနောက် လေဆိပ်လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစာမှာ နောက်ပြောင်လိုသူများက ပေးပို့သည့်စာအဖြစ် အာဏာပိုင်များက ယူဆသော်လည်း လုံခြုံရေးသတိအစဉ်ရှိရမည်ဆိုသော အသိတရားနှင့်အညီ လေဆိပ်များ လုံခြုံရေးအတွက် စီမံချက်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း မွမ်ဘိုင်းလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပီတီအိုင်။

# အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် ထူထောင်ရန် သဘောတူ

**ပေကျင်း အောက်တိုဘာ ၂၄**

ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ် ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၁ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပသည့် အခမ်းအနားတစ်ရပ်တွင် အာရှအခြေခံအဆောက်အအုံဆိုင်ရာရင်းနှီးမြှုပ်နှံမှုဘဏ် ထူထောင်ဖွင့်လှစ်ရန် နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

### အထောက်အကူပြုမည်

အဆိုပါဘဏ်ဖွင့်လှစ်နိုင်ရေးအတွက် ကနဦးမတည်ငွေကြေး ဒေါ်လာ ၅၀ ဘီလီယံရှိမည်ဟု မျှော်လင့်ရသည်။ အာရှဒေသရှိနိုင်ငံများ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ရေးလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများစသည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆိုပါဘဏ်က အထောက်အကူပြုမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အခမ်းအနားသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ပြောကြားသည်။

တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုသည့် အာရှ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် မြို့တော် ပေကျင်း၌ ဌာနချုပ်ရုံး ဖွင့်လှစ်မည်ဖြစ်ပြီး အနောက်နိုင်ငံများက လွှမ်းမိုးထားသော နိုင်ငံတကာ ငွေချေးရေးအဖွဲ့အစည်းများ၏ ပြိုင်ဘက်ဘဏ္ဍာရေး အဖွဲ့အစည်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း ဝေဖန်မှုများ ပေါ်ထွက်လာသည်။

အဆိုပါဘဏ်သည် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကို ယှဉ်ပြိုင်လာသည့် ဘဏ်အဖြစ် ရှုမြင်ရကြောင်း၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့က နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မရှိကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

ပီတီအိုင်။



အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် ထူထောင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လာသူများအားတွေ့ရစဉ်။

## ပါကစ္စတန်နှင့်အီရန် မော်တာများဖြင့် အပြန်အလှန်ပစ်ခတ်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၄**

ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့သည် ၎င်းတို့၏ စိမ့်ဝင်နိုင်သောနယ်စပ်တစ်လျှောက်၌ မော်တာများဖြင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံက မော်တာဖြင့် ခြောက်ကြိမ်ပစ်ခတ်ရာ ကျည်ဆန်များသည် နယ်စပ်မြို့ မတ်ရှ်ကေးလ်အနီးတွင် ကျရောက်ခဲ့ကြောင်း၊ ထို့နောက် ပါကစ္စတန်က ပြန်လည်ပစ်ခတ်ခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောသည်။ အီရန်နိုင်ငံအရှေ့ပိုင်း စစ္စတန် ဘလူချီစတန်ဒေသနှင့် ပါကစ္စတန်အနောက်မြောက်ပိုင်း ဘလူချီစတန်ပြည်နယ်တို့အား ရှည်လျားသော သဲကန္တာရနယ်စပ်က ခွဲလျက်ရှိသည်။

လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က အီရန်နယ်ခြားစောင့်တပ်က ပစ်ခဲ့သဖြင့် ပါကစ္စတန်စစ်သည်တစ်ဦး သေဆုံး၍ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်က ပြောသည်။ရှီးယိုက်အများစုနေထိုင်ရာ အီရန်ကပါကစ္စတန်သည် ဆွန်နီမူဆလင်စစ်သွေးကြွများ နယ်စပ်ကိုဖြတ်ကျော်ဝင်ရောက်၍ ၎င်း၏ တပ်ဖွဲ့များအား တိုက်ခိုက်ခြင်းကို တားဆီးရန် ပျက်ကွက်သည်ဟု စွပ်စွဲသည်။

အာဖဂန်နစ္စတန်နှင့်လည်း နယ်စပ်ချင်းထိစပ်နေသော စစ္စတန်ဘလူချီစတန်ဒေသတွင် မကြာသေးမီနှစ်များအတွင်းက အီရန်လုံခြုံရေးတပ်ဖွဲ့များ၊ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများ၊ ဆွန်နီသူပုန်အုပ်စုများသည် မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။ ဘီဘီစီ။

## အိုင်အက်စ်က ကလိုရင်းဓာတ်ငွေ့သုံးစွဲ၍ တိုက်ခိုက်ဟုဆို

**ဝါရှင်တန် အောက်တိုဘာ ၂၄**

လွန်ခဲ့သည့်လတွင် အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)က ကလိုရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့ရာ အီရတ်ရဲအရာရှိ ၁၁ဦးသည် မူးဝေအော့အန်ပြီး အသက်ရှူရခက်ခဲသော ဝေဒနာများခံစားခဲ့ရကြောင်း ယနေ့သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

အိုင်အက်စ်က စစ်မြေပြင်တွင် ဓာတုလက်နက်များသုံးစွဲကြောင်း အတည်ပြုသည့် တိုက်ခိုက်မှုဖြစ်ဖွယ်ရာရှိသည်။ အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါဖြစ်စဉ်ကို အတည်ပြုကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြသည်။

၎င်းရဲအရာရှိများကို မြို့တော်၏ မြောက်ဘက်မိုင် ၅၀ အကွာရှိ ဆေးရုံသို့ အလျင်အမြန်တင်ပို့ခဲ့ရသည်။ ဆရာဝန်များက လူနာများ၏ လက္ခဏာသည် ကလိုရင်းအဆိပ်ဓာတ်ငွေ့သင့်သည့်လက္ခဏာများ ဖြစ်သည်ဟု ပြောသည်။

အကြမ်းဖက်အုပ်စုက အီရတ်နိုင်ငံ၏ နယ်မြေအများအပြားကို သိမ်းယူပြီးချိန်မှစ၍ ကလိုရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်သည့် သီးခြားဖြစ်စဉ်နှစ်ရပ်ရှိကြောင်း အီရတ်တပ်ဖွဲ့က ပြောသည်။ သို့သော် ဖြစ်စဉ်အသေးစိတ်မှာမူ ရေရေရာရာမရှိပေ။

ယခုအကြိမ်တိုက်ခိုက်ခြင်းမှာမူ တရားဝင် မှတ်တမ်းမှတ်ရာများဖြင့် မှတ်တမ်းတင်ထားသော ဖြစ်စဉ်ဖြစ်သည်။ ဘီဘီစီ။

# ယူအေအီးရောက် နိုင်ငံခြားသားအိမ်ဖော်များ မတရားပြုမူ ဆက်ဆံခံရမှုများရှိနေ

ဒူဘိုင်း အောက်တိုဘာ ၂၄

**အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၌ ရွှေ့ပြောင်းအိမ်ဖော် အလုပ်သမများသည် ရိုက်နှက်ခံရခြင်း၊ လုပ်အားအမြတ်ထုတ်ခံရခြင်း၊ အတင်းအဓမ္မစေခိုင်းခံရခြင်းတို့ ရှိနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။**



အာရပ်စော်ဘွားများ ပြည်ထောင်စု၌ အလုပ်လုပ်ကိုင်လျက်ရှိကြသော ရွှေ့ပြောင်းအိမ်ဖော်အလုပ်သမများကို တွေ့ရစဉ်။

ယူအေအီး အစိုးရအဖွဲ့သည် အိမ်ဖော်အလုပ်သမများကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပျက်ကွက်ခဲ့ကြောင်း၊ ယင်းအိမ်ဖော်အလုပ်သမများသည် အများအားဖြင့် ဖိလစ်ပိုင်နိုင်ငံမှဖြစ်ကြပြီး အလုပ်ရှင်များနှင့် အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများ၏ မတရားပြုမူမှုများကို ခံစားနေကြရကြောင်း အစီရင်ခံတွင် ဖော်ပြသည်။

ယူအေအီးနိုင်ငံ၏ ပြည်ဝင်ဗီဇာဆိုင်ရာတာဝန်ခံမှု စနစ်အရလည်းကောင်း၊ အလုပ်သမား ဥပဒေအရ ရွှေ့ပြောင်း အိမ်ဖော်အလုပ်သမများအား ကာကွယ်စောင့်ရှောက်ပေးနိုင်မှု မရှိခြင်းကြောင့်လည်းကောင်း ယင်းအလုပ်သမားများမှာ မတရားပြုမူ ဆက်ဆံခံနေရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ ၇၉ မျက်နှာပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်ပသို့ အလုပ်သမားများ စေလွှတ်သည့် နိုင်ငံများသည် လိမ်လည်လှည့်ဖျားကာ ကိုယ်ကျိုးရှာတတ်သော အလုပ်သမားစုဆောင်းရေး အေဂျင်စီများ၏ လုပ်ရပ်များမှာ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း မရှိကြောင်း၊ ပြည်ပရောက်မိမိတို့၏ နိုင်ငံသားအလုပ်သမားများ မတရားပြုမူဆက်ဆံခံရမှုဖြစ်စဉ်များ ပေါ်ပေါက်လာချိန်တွင်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့များက ထိရောက်စွာ အကူအညီပေးနိုင်ခြင်းမရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ပီတီအိုင်။

# အမေရိကန်တွင် လုပ်အားခ လျှော့ပေးသည့် ကုမ္ပဏီကို အရေးယူ

**နယူးယောက် အောက်တိုဘာ ၂၄**

အမေရိကန်ပြည်ထောင်စုတွင် အိန္ဒိယနိုင်ငံမှ အလုပ်သမားရှစ်ဦးအား တရားမဲ့စွာ လစာများ လျှော့ချပေးသော ဆီလီကွန်ဗယ်လီရှိ ကုမ္ပဏီတစ်ခုကို အလုပ်သမားအာဏာပိုင်များက အပြစ်ပေးခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကယ်လီဖိုးနီးယား အခြေစိုက် အီလက်ထရွန်နစ်နှင့်ပုံနှိပ်နည်းပညာကုမ္ပဏီကအလုပ်သမားများကို တစ်နာရီလျှင် ၁ဒသမ ၂၁ ဒေါ်လာသာပေးခဲ့သည်။ ၎င်းအလုပ်သမားများသည်အချိန်ပိုကြေးမရရှိဘဲနှင့်ရက် သတ္တတစ်ပတ်လျှင် ၁၂၂နာရီအလုပ်လုပ်ကြရသည်။

လုပ်ခလစာနှင့် အချိန်ပိုလုပ်အားခများဆိုင်ရာ အမေရိကန်ဥပဒေများကို တမင်လျစ်လျူရှုခဲ့ခြင်းမဟုတ်ပါဟု ကုမ္ပဏီက ပြောသည်။ ကယ်လီဖိုးနီးယား၏ အနည်းဆုံးလုပ်ခလစာမှာ တစ်နာရီလျှင်ရှစ်ဒေါ်လာဖြစ်သည်။

အိန္ဒိယနိုင်ငံသား ထောင်ပေါင်းများစွာသည် ဆီလီကွန်ဗယ်လီ၌ အလုပ်လုပ်လျက်ရှိကြသည်။

အလုပ်သမား စည်းမျဉ်းဥပဒေများကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိသည့်အတွက် ပြစ်ဒဏ်နှင့် နောက်ကြောင်းပြန်လုပ်ခအဖြစ် ၎င်းပုံနှိပ်ဆိုင်ရာနည်းပညာကုမ္ပဏီသည် ဒေါ်လာ ၄၃၀၀၀ ပေးရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းကုမ္ပဏီက အိန္ဒိယအလုပ်သမားရှစ်ဦးကို အထူးစီမံကိန်းတစ်ခုအတွက် အမေရိကန်ပြည်ထောင်စုသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီက ၎င်းတို့ကို အိန္ဒိယနိုင်ငံတွင် ၎င်းတို့ပုံမှန်အလုပ်အတွက် ရရှိသော လုပ်ခအတိုင်းပေးသည့်အပြင် အိန္ဒိယသုံးငွေရူပီးဖြင့် ပေးချေခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။ အမေရိကန်ဥပဒေအရ နိုင်ငံခြားသားအလုပ်သမားများကို အနည်းဆုံး အနိမ့်ဆုံးလုပ်ခလစာနှင့်အတူ ရက်သတ္တတစ်ပတ်လျှင် နာရီ ၄၀ ထက်ပိုသော အလုပ်ချိန်အတွက် အချိန်ပိုကြေးပေးရမည်ဖြစ်သည်။ ဘီဘီစီ။




အိန္ဒိယနွယ်ဖွား အလုပ်သမားထောင်ပေါင်းများစွာ အလုပ်လုပ်ကိုင်နေသည့် နည်းပညာကုမ္ပဏီများ တည်ရှိရာ ဆီလီကွန်ဗယ်လီကို တွေ့ရစဉ်။

# အခွင့်ထူးမခံသည့် အင်ဒိုနီးရှားသမ္မတ၏သမီး သာမန်လူများကဲ့သို့ ပြည်သူ့ဝန်ထမ်း စာမေးပွဲဖြေ

**ဆိုလို အောက်တိုဘာ ၂၄**

အင်ဒိုနီးရှား သမ္မတသစ် ဂျိုကို ဝီဒိုဒို၏ သမီးဖြစ်သူသည် အင်ဒိုနီးရှားနိုင်ငံတွင် ပုံမှန်ကျင်းပသော ပြည်သူ့ဝန်ထမ်းစာမေးပွဲကို သာမန်နိုင်ငံသားများကဲ့သို့ပင် ဝင်ရောက်ဖြေဆိုခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံတော်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၏ သားသမီးများကို အထူးအခွင့်အရေး ပေးလေ့ရှိသော်လည်း သမ္မတ၏ သမီးက လက်မခံခဲ့ပေ။

သမ္မတ၏သမီး ခါဟီယန် အယူသည် ပြည်သူ့ဝန်ထမ်းစာမေးပွဲကျင်းပသည့် ဆိုလိုမြို့သို့ အောက်တိုဘာ ၂၃ ရက်တွင် ရောက်လာပြီး အခြားဖြေဆိုသူ ၆၀၀၀ ကျော်နှင့် အတူ စာမေးပွဲကို ဝင်ရောက်ဖြေဆိုသွားခဲ့သည်။ သမ္မတ၏ သမီးဖြစ်သူက ယင်းကဲ့သို့ လုပ်ဆောင်ခဲ့သည့်အတွက် အကျင့်ပျက်ခြစားမှုများ၊ ဆွေမျိုးကောင်းစားရေးဝါဒနှင့် ပတ်သက်သောပြဿနာများနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၏ သားသမီးများကို အခွင့်ထူးပေးရလေ့ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် အုတ်အော်သောင်းတင်း ဂယက်ရိုက်သွားခဲ့သည်။

ယခုဖြစ်ရပ်မှာ နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားမည်ဟု မဲဆွယ်စည်းရုံးရာတွင် ကတိပြုခဲ့သည့် ဂျိုကိုဝီဒိုဒိုသမ္မတရာထူးရယူပြီး သီတင်းတစ်ပတ်မကြာမီ ထွက်ပေါ်လာခြင်းဖြစ်သည်။ သမ္မတ ဂျိုကိုဝီဒိုဒိုက ၎င်း၏ အစိုးရအဖွဲ့တွင် ပါဝင်လာနိုင်ဖွယ်ရှိသူများကို အမျိုးသားအကျင့်ပျက်ခြစားမှု လေ့လာစောင့်ကြည့်ရေးအဖွဲ့နှင့် စိစစ်ရွေးချယ်သွားမည်ဟုဆိုထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ယင်းကဲ့သို့ လုပ်ဆောင်မှုမျိုး ယခင်က မရှိခဲ့ပေ။

သမ္မတ၏ သမီးကို လုံခြုံရေးအဖွဲ့တစ်ဖွဲ့က စောင့်ကြပ်ပေးခဲ့ရသည်။ စာမေးပွဲဖြေဆိုပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ခါဟီယန်အယူက "ဒီစာမေးပွဲကို တခြားလူတွေလိုပဲ မှန်မှန်ကန်ကန်နဲ့အောင်ချင်ပါတယ်။ စာမေးပွဲရလဒ်ပေါ်မူတည်ပြီး ပြည်သူ့ဝန်ထမ်းတစ်ယောက်အဖြစ် လုပ်ကိုင်သွားဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒို၏သမီးကို မည်သည့်အထူးအခွင့်အရေးမျှ ပေးမထားသည်မှာ အံ့သြစရာကောင်းကြောင်း ခါဟီယန်အယူနှင့်အနီးကပ်ဖြေဆိုခဲ့သူတစ်ဦးက ဗွီအိုအေသို့ပြောကြားသည်။

**ဗွီအိုအေ။**



စာမေးပွဲလာရောက်ဖြေဆိုသော အင်ဒိုနီးရှားသမ္မတ၏သမီးကို လုံခြုံရေးတာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

# ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ကျင်းပမည်

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တနင်္ဂနွေထောင့်တွင် ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၅ ရက်) ည ၇ နာရီတွင် (၃၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဂေါတမီစင်တော်၊ ယသော်ဓရာစင်တော်၊ ဝိသာခါစင်တော်၊ ရှင်စောပုစင်တော်၊ ရာဇဓာတုကလျာစင်တော်ဟူ၍ ရက်ကန်းစင်ငါးစင်က ရွှေမော်ဓောရင်ပြင်ပေါ် ဘာသာရေးအသင်းအဖွဲ့များမှ နှစ်စင်၊ မြို့ပေါ်ဘာသာရေးအသင်းအဖွဲ့များမှ တစ်စင်၊ ပညာရေးမိသားစုကိုယ်စားပြုသော စာသင်ကျောင်းများမှ တစ်စင်၊ ကျေးရွာဒေသကို အခြေခံသည့်ဝတ်အသင်း (သို့မဟုတ်) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် လူမှုရေးအသင်းအဖွဲ့များမှတစ်စင် စုစုပေါင်း ငါးစင်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲမှ ရက်လုပ်ရရှိသော မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၃ နာရီတွင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ပြီး နံနက် ၄ နာရီတွင် သက်ဆိုင်ရာတန်ဆောင်းများရှိ ရုပ်ပွားတော်များတွင် တစ်ပြိုင်တည်း မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။



နံနက် ၅ နာရီတွင် ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံ၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကိုလည်းကောင်း၊ တစ်ဦးချင်းပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို လည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၄

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။









# စာချုပ်နှင့် ဥပဒေ

ဦးဟာန်ညွန့်(ဥပဒေ)

**ဦးလောဘလာရောက်ခြင်း**

ကုမ္ပဏီသူဌေးကြီး ဦးလောဘသည် ကျွန်တော်၏ ရှေ့နေရုံးခန်းသို့ မလာစဖူးအလာထူးဆိုသလို မမျှော်လင့်ဘဲရောက်ရှိလာပါသည်။ မျက်နှာမကောင်းသဖြင့် အကျိုးအကြောင်း မေးကြည့်ရာ "အိမ်မြေအရောင်းအဝယ်စာချုပ်များကို အမြတ်ခွန်ရှောင်လိုသဖြင့် တန်ဖိုးလျှော့ချုပ်ဆိုခဲ့မိ၍ ပြဿနာပေါ်နေကြောင်း"ဖြင့် ဦးလောဘက ပြောပြသည်။ တန်ဖိုးလျှော့ချုပ်သည့် အရောင်းအဝယ်စာချုပ်များအကြောင်း ဥပဒေဗဟုသုတအချို့ကို အောက်ပါအတိုင်းကျွန်တော်ရှင်းပြခဲ့သည်။

**ဥပဒေနှင့်ညီပါစေ**

စာချုပ်စာတမ်းချုပ်ဆိုလျှင် ဥပဒေနှင့်ညီညွတ်ရပါမည်။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ မှတ်ပုံတင်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေနှင့် အခြားဆက်စပ်ဥပဒေများနှင့်အညီ ဆောင်ရွက်ရပါမည်။ အရပ်ကတိစာချုပ်များနှင့် မသက်ဆိုင်ပါ။ အလွယ်တကူ အသင့်ရိုက်နှိပ်ထားသော လမ်းဘေးစာချုပ်ပုံစံများကိုသုံးစွဲသူများ ရှိတတ်ပါသည်။ ဥပဒေအတိုင်ပင်ခံ၊ ဥပဒေပညာရှင်၊ ရှေ့နေရှေ့ရပ်များ၏ အကြံဉာဏ်ကိုမရယူဘဲ အလွယ်တကူ စာချုပ်ချုပ်ဆိုမှုရှိနိုင်ပါသည်။ ဥပဒေနှင့်မညီသော စာချုပ်များကို အကြောင်းအမျိုးမျိုးကြောင့် ချုပ်ဆိုမိတတ်ပါသည်။ တန်ရာတန်ဖိုး အခွန်တော်၊ တံဆိပ်ခေါင်းမကပ်ဘဲ အဖိုးနည်းအိုးကွဲ ဆိုသကဲ့သို့ အလွယ်ချုပ်ဆိုသူများ (အထက်ကဖော်ပြခဲ့သော ဦးလောဘကဲ့သို့) ရှိတတ်ပါသည်။ ထိုအခါစိတ်မအေးရပါ။ အပ်နှင့်ထွင်းရမည်ကို ပုဆိန်နှင့်ပေါက်ရမည့်ပြဿနာပေါ်တတ်ပါသည်။ ဥပဒေနှင့် ညီပါစေဟုသာ အကြံပြုပါရစေ။

**ပျက်ပြယ်သော သဘောတူညီချက်**

ပဋိညာဉ်ဥပဒေအရ ပျက်ပြယ်သော သဘောတူညီချက်များမှာ-

(၁) သဘောတူသူများအနက် တစ်ဦးဦးသည် ပဋိညာဉ်ပြုနိုင်ခွင့်ရှိသူ မဟုတ်ခြင်း၊

ရောင်းသူ၊ ဝယ်သူနှစ်ဦးစလုံးက အရောင်း/အဝယ်ပြုလုပ်သည့် တန်ဖိုးကိုလျှော့နည်း၍ မမှန်မကန်ဖော်ပြခြင်းသည် အမြတ်ခွန်နှင့် တံဆိပ်ခွန်များ သက်သာစေရန် သက်ဆိုင်ရာဌာနများကို လိမ်လည်လှည့်ဖျားခြင်းဖြစ်၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ အရ ယင်းသဘောတူညီချက်၊ ရည်ရွယ်ချက်သည် တရားဥပဒေနှင့် ညီညွတ်သည်ဟုမဆိုနိုင်ပေ။ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် သဘောတူညီချက်ကို အတည်မပြုလုပ်နိုင်ပေ။

(၂) သဘောတူကြသူ နှစ်ဖက်စလုံးမှ သဘောတူချက်ပြုလုပ်သည့် အချက်များအနက် ကြီးကျယ်သောအချက်တွင် မှားယွင်းခြင်း၊

(၃) ကတိနှင့်ညီညွတ်ချက်၊ ရည်ရွယ်ချက်တစ်စုံတစ်ရာသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း၊

(၄) သဘောတူချက်တွင် ကတိနှင့်ညီညွတ်ချက်တစ်စုံတစ်ရာမပါခြင်း၊

(၅) သဘောတူညီချက်တွင် အိမ်ထောင်ပြုခြင်းကို တားမြစ်ထားသည့် အချက်ပါခြင်း၊

(၆) သဘောတူချက်သည် ကုန်သွယ်ခြင်းကိုလည်းကောင်း၊ မိမိအသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်ခြင်းကိုလည်းကောင်း တားမြစ်ခြင်း၊

(၇) သဘောတူချက်သည် တရားစွဲဆိုမှုကို တားမြစ်ခြင်း၊

(၈) သဘောတူချက်သည် အဓိပ္ပာယ်မရှင်းလင်း၍ နားမလည်အောင် မသေချာ မရေရာဖြစ်ခြင်း၊

(၉) သဘောတူချက်သည် လောင်းကစားမှုသက်ရောက်ခြင်း၊

(၁၀) သဘောတူချက်သည် မဖြစ်နိုင်သည့်အရာကို ပြုလုပ်ရန်ဖြစ်ခြင်း တို့ဖြစ်ပါသည်။

**တရားဝင်ရောင်းသူ၊ ဝယ်သူ**

တရားဝင်ရောင်းသူ၊ ဝယ်သူဖြစ်ရမည်။ ပစ္စည်းမှန်ရမည်။ ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးရမည်။ ငွေပေးငွေယူရှိရမည်။ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ စာချုပ်စာတမ်းမှတ်ပုံတင် ဥပဒေများနှင့် ညီညွတ်ရမည်။ တရားဝင် ပဋိညာဉ်ပြုရမည်။ နှစ်ဦးနှစ်ဖက်သီးခြားသဘောတူညီချက်များ ဖော်ပြနိုင်သည်။ သက်သေများပါရှိရမည်။ ဥပဒေအတိုင်ပင်ခံ၏ ကျွမ်းကျင်သော အကြံဉာဏ်ကို ရယူဆောင်ရွက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။

**စီရင်ထုံးတစ်ခု**

တန်ဖိုးလျှော့ချုပ်သည့် အရောင်းအဝယ်စာချုပ်အကြောင်း စကားစပ်မိ၍ စီရင်ထုံး နမူနာတစ်ခုကို တွေ့ရသည်။ အောက်ပါအတိုင်းဖြစ်သည်-

"လဲချားစော်ဘွားကြီး ဦးစဝ်နွံနှင့် ဦးစိုင်းရီတို့သည် အိမ်မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုကြရာတွင် အဖိုးစားနား တန်ဖိုးငွေကျပ်သုံးသိန်းဖြင့် အမှန်တကယ်အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပါလျက် အမြတ်ခွန်သက်သာစေရန်အလို့ငှာ အဖိုးစားနားတန်ဖိုးငွေကို တစ်သိန်းခွဲဟုဖော်ပြခြင်းမှာ မမှန်မကန်ဖော်ပြခြင်းဖြစ်သည်။ ရောင်းသူ၊ ဝယ်သူနှစ်ဦးစလုံးက အရောင်း/အဝယ်ပြုလုပ်သည့် တန်ဖိုးကိုလျှော့နည်း၍ မမှန်မကန်ဖော်ပြခြင်းသည် အမြတ်ခွန်နှင့် တံဆိပ်ခွန်များသက်သာစေရန် သက်ဆိုင်ရာဌာနများကို လိမ်လည်လှည့်ဖြားခြင်းဖြစ်၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၃ အရ ယင်းသဘောတူညီချက်၊ ရည်ရွယ်ချက်သည် တရားဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် သဘောတူညီချက်ကို အတည်မပြုလုပ်နိုင်ပေ။

(ဒေါ်စဝ်ချစ်ဦး - ပါ-၉ နှင့် ဦးစိုင်းရီ အမှု)
(၂၀၀၂ ခုနှစ် မတစ စာမျက်နှာ ၂၆၀)

**လောင်းကစားခြင်းကို အခြေပြုထားသော စာချုပ်**

မိတ်ဆွေကြီး ဦးလောဘခင်ဗျား-

တန်ဖိုးလျှော့ချုပ်သည့်စာချုပ်ကဲ့သို့ ဥပဒေအရပျက်ပြယ်သော စာချုပ်အကြောင်းပြောပါရစေဦး။ ချဲထီထိုးရင်း ချုပ်ခဲ့သောစာချုပ်အကြောင်း မှတ်သားဖွယ်ရာ စီရင်ထုံးတစ်ခုပါ။

တရားပြိုင်က တရားလို၏အဆိုပြုချက်အားလုံးကို ငြင်းဆိုသည့်အပြင် စာချုပ်မှာလည်း သက်သေခံဝင်သောစာချုပ်မဟုတ်ကြောင်းနှင့် အဆိုလွှာပါအချက်များ မှန်ကန်ကြောင်းထင်ရှားအောင် တရားလိုဘက်က သက်သေပြစေလိုကြောင်း၊ တရားပြိုင်၊ တရားလိုတို့ ချဲထီလောင်းကစားရာမှ ငွေကြေးအရှုပ်အရှင်းဖြစ်ခဲ့ရသည်ကို ပေးလျော်နိုင်သူ တရားပြိုင်အား စာချုပ်ချုပ်ဆိုစေခဲ့ကြောင်းသာ ချေလွှာ၌ဖော်ပြထားသည်။

တရားလိုနှင့် တရားပြိုင်တို့အကြား စာချုပ်များသည် ချဲထီလောင်းကစားခြင်းကို အခြေပြု၍ချုပ်ဆိုထားသော စာချုပ်များဖြစ်ပြီး အမှန်တကယ်အရောင်းအဝယ်စာချုပ်မဟုတ်ကြောင်း၊ ဥပဒေအရ ပျက်ပြယ်နေသောစာချုပ်များကို အခြေခံ၍ စွဲဆိုသောအမှုဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှုပလပ်လိုက်ကြောင်း။

(ဦးအလီ-နှင့် ဦးဌေးကြိုင်အမှု)
(၁၉၉၂ ခုနှစ် မတစ စာမျက်နှာ-၁၇၂)

**စာချုပ်စာတမ်းပယ်ဖျက်ပေးစေလိုမှု**

သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၃၉ တွင်- "ရေးသားထားသော စာချုပ်စာတမ်းတစ်ရပ်သည် တစ်ဦးဦးနှင့်စပ်လျဉ်း၍ ပျက်ပြယ်အတည်မဖြစ်လျှင်ဖြစ်စေ၊ ထိုသူက ယင်းစာချုပ်ကို လွှဲရှောင်ပယ်ဖျက်နိုင်လျှင်ဖြစ်စေ၊ ယင်းစာချုပ်ကို ပယ်ဖျက်ခြင်းမပြုဘဲထားပါက ထိုသူအားအကြီးအကျယ်နစ်နာစေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်းရှိလျှင် ထိုသူသည် စာချုပ်ပျက်ပြယ်အတည်မဖြစ်ကြောင်း၊ သို့မဟုတ် လွှဲရှောင်ပယ်ဖျက်ခွင့်ရှိကြောင်း အဆုံးအဖြတ်ပေးရန်အတွက် တရားစွဲဆိုနိုင်သည်။ ထို့ပြင် တရားရုံးသည် မိမိသဘောအတိုင်း ယင်းသို့ဆုံးဖြတ်၍ စာချုပ်ကိုတင်ပြစေရန်နှင့် ပယ်ဖျက်စေရန် အမိန့်ချမှတ်နိုင်သည်"ဟု ဖော်ပြပြဋ္ဌာန်းထားသည်။

**သွားစရာရှိသေးသည်ဟုဆို**

စာချုပ်များအကြောင်း၊ လမ်းဘေးအရပ်စာချုပ်များအကြောင်း၊ တံဆိပ်ခေါင်းတန်ဖိုးလျှော့ချုပ်ဆိုသော စာချုပ်များနှင့် ပြဿနာများ၊ အမြတ်ခွန်ကောက်ခံသောဌာန၏ နောက်ဆုံးကြေညာချက်များ၊ အမိန့်များ၊ သတင်းစာကောက်နုတ်ချက်များ၊ ပြန်တမ်းများ၊ စီရင်ထုံးများအကြောင်း၊ ဆောင်ရန်၊ ရှောင်ရန်စသည်များကို ကျွန်တော်က သူဌေးကြီးဦးလောဘအား အကြံပြုရှင်းပြသည်။ ဥပဒေစာအုပ်စင်မှ ရွေးကောက်စာအုပ်များကို သူနားလည်အောင်လည်း အရပ်စကားဖြင့် ပြောပြသည်။ ခေါင်းတညိတ်ညိတ်ဖြင့် ဦးလောဘနားထောင်နေရှာသည်။ "ဥပဒေအတိုင်ပင်ခံ၏ အကြံပြုချက်များကို ရယူပါက ဉာဏ်ပူဇော်ခပေးရမည်"ဟူသော ကျင့်ဝတ်ကို မသိဟန်ဆောင်ကာ "သွားစရာ ရှိသေးသည်"ဟု ပြောလျက် ကျွန်တော်၏ ရုံးခန်းမှ ခပ်သုတ်သုတ် ထွက်ခွာသွားပါကြောင်း။ ။

**သင်ခန်းစာ**

"ဦးလောဘ"ပေါင်းများစွာ တရားမှန်ကို ရစေချင်ပါသည်။ ။

နန်းထိုက်သူ ကျိုက်ထီးရိုး နေ့စဉ်
ချောင်းသာ
၂၂၀၀၀
ကားမျိုးစုံ စီးလုံးငှား၊ ဟိုတယ်၊ တာ/ငြိမ်း စီစဉ်ပေးသည်။
၀၉ ၄၂၂၄၅၉၉၄၃၊ ၀၉ ၄၂၂၅၃၃၄၄၅

ပန်းဧကရီ အသင့်ပြင်ဆင်ခရီးသွားလုပ်ငန်း
Oct 31 , Nov 2,4
Nov 2,4
Oct 24, 31,Nov 7
Oct 25,Nov 1,8
Oct 25,Nov 1,8
09-73098523,09-49327409,09-254268089
(Group Package များကို အထူးစီစဉ်ပေးသည်။)

ရွှေပင့်ကူ
09-73130346၊ 09-254049377၊ 09-423720047

JADE MOTION
Travels&Tours
နေပြည်တော်ဗုဒ္ဓဂယာ
5.11.2014
20.12.2014
30,000k
0973123443,254907896,5179754

ဖြူစင်ရတနာ
Oct-23,25,Nov-5
NOV-5
NOV-4
NOV-4
09-73159071,09-250269946



## ပြည်တွင်းရေးရာ

**✱ ပြည်ထောင်စုလွှတ်တော်မှ**

တစ်နှစ်တာခွင့်ပြုငွေ ကြိုတင်တွက်ချက်ရာတွင် အမှန်တကယ်လိုအပ်သည့်ပမာဏကို အနီးစပ်ဆုံးတိုင်းတာတွက်ချက်နိုင်ရန် အရေးကြီးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုသည် အစိုးရ၏ရငွေနှင့် သုံးငွေကို အနီးစပ်ဆုံးတိုင်းတာနိုင်ခြင်းသည် နိုင်ငံ၏ မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးခွဲဝေသုံးစွဲမှုအတွက် လွန်စွာအရေးကြီးသည့်အတွက် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက ဟန်မြင့်မိုရ်-မြို့ကြီး-အောင်ပန်းလမ်းသည် ယခင်က ကောင်းမွန်သော်လည်း ယခုအခါတွင် လမ်းပိုင်းများပျက်စီးလျက်ရှိသောကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲနှင့် ကြုံတွေ့နေရပါကြောင်း၊ အဆိုပါလမ်းသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်သွယ်သွားလာရေးအတွက် မဟာဗျူဟာကျသည့်အပြင် ဓနုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျသောကြောင့် ပျက်စီးနေသည့် လမ်းပိုင်းများနှင့် တံတားများကို ပြင်ဆင်နိုင်ရေးအတွက် ဘဏ္ဍာငွေပိုမိုချပေးရန်နှင့် စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်ရန် အထူးလိုအပ်ပါကြောင်း။

ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆည်တမံများတည်ဆောက်ရာတွင် လယ်ယာမြေများဆုံးရှုံးနစ်နာခဲ့သည့် ဒေသခံတောင်သူများအား ကွင်းဆင်းစိစစ်၍ စနစ်တကျစာရင်းကောက်ယူပြီး ဘဏ္ဍာငွေတင်ပြတောင်းခံကာ အမြန်ဆုံးပြန်လည် ပေးလျော်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက စက်ရုံများ၊ အလုပ်ရုံများကို လေ့လာရာတွင် အောင်မြင်မှုရှိသည့်စက်ရုံရှိသကဲ့သို့ မအောင်မြင်သည့်စက်ရုံများ၊ အလုပ်ရုံများလည်း ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်အရ နိုင်ငံတကာတွင် ရဲတပ်ဖွဲ့များကို အင်အားမြှင့်တင်ပေးခြင်း၊ အရည်အချင်းမြှင့်တင်ပေးခြင်းများ ပြုလုပ်ပေးကြပါကြောင်း၊ ထို့ကြောင့် လူထုဗဟိုပြုစနစ်ကို အခြေခံသော စွမ်းအားပြည့်ရဲတပ်ဖွဲ့များ ဖြစ်လာစေရန်အတွက် မဏ္ဍိုင်အသီးသီးက ပူးပေါင်းပါဝင် မြှင့်တင်အကောင်အထည်ဖော်ပေးရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ဝန်ကြီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် သာမန်အသုံးစရိတ်များအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရန်အတွက် ပုံစံတစ်သမတ်တည်းဖြင့် တင်ပြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ရန်ပုံငွေ များလွန်းခြင်းသည် မူလဦးစားပေး လမ်းကြောင်းမှ သွေဖည်သွားနိုင်ပါကြောင်း၊ ဘတ်ဂျက်၏ တည့်မတ်မှန်ကန်မှုကို ထိခိုက်စေနိုင်သောကြောင့် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးတောင်းခံမှုသာ ဖြစ်စေရေးအတွက် တစ်နှစ်ထက်တစ်နှစ် ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုပမာဏကို လျှော့ချသွားရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေးက တောင်သူများအား လယ်ယာမြေပိုင်ဆိုင်မှုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းတွင် အားနည်းချက်များရှိသောကြောင့် စာရင်းကွဲလွဲမှုများကို တွေ့ရပါကြောင်း၊ ထို့ပြင် အချို့ဆည်တမံနှင့် ရေကာတာများသည် မည်သည့်ဌာနကမှ တာဝန်ယူထိန်းသိမ်းခြင်းမရှိ၍ ပျက်စီးယိုယွင်းနေသည်ကို တွေ့မြင်ရပါကြောင်း။

ထို့အတူ မြေကြီးမြေပုံများထိန်းသိမ်းခြင်းလည်း အားနည်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါအားနည်းချက်များကို ပီပီပြင်ပြင်နှင့် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ရန်အတွက် ဌာနတွင်လိုအပ်လျက်ရှိသည့် ဝန်ထမ်းအင်အားကို တိုးချဲ့ခန့်ထားနိုင်ရေးအတွက် ဘဏ္ဍာငွေထည့်သွင်းတောင်းခံသင့်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများထုတ်ချေးရာတွင်လည်း အမှန်တကယ်လယ်ယာပိုင်ဆိုင်သည့် တောင်သူများသာ ချေးငွေရရှိသဖြင့် ကျန်ရှိနေသည့်အလုပ်သမား လူတန်းစားများ ချေးငွေရရှိရေးအတွက်လည်း ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရန်ကုန်-ပြည်လမ်းမကြီး တိုးချဲ့ရေးနှင့် အဆိုပါလုပ်ငန်းနှင့် ဆက်စပ်နေသော အရိပ်ရသစ်ပင်များကြောင့် ယာဉ်အန္တရာယ်ကြုံတွေ့နေမှုများကိုလည်း အလေးထား ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို အောက်တိုဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■



**ဘဏ်များနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒေါ်ခင်စန်းလှိုင် ရှင်းလင်းဆွေးနွေးစဉ်။**
(သတင်းစဉ်)

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၃၉/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်**
**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၂၅၁)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၇၇) ဖြစ်ပါသည်။

**အမိန့်အရ**
**တင်ထွန်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကရင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၄၀/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်**
**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**ကရင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၆၁၆)၊ ခဝဲခြံ(၁)လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားပါတီ**အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၇၈)ဖြစ်ပါသည်။

**အမိန့်အရ**
**တင်ထွန်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များဖြေရှင်းရန် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၄**

စားသုံးသူများဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို အောက်တိုဘာ ၂၀ ရက်က ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ အောက်တိုဘာ ၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များဖွဲ့စည်းရန် တာဝန်ပေးအပ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့တွင် ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေရုံးတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးစီက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ စားသုံးသူကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ကုန်သွယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည်လည်း စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်း၍ စားသုံးသူများအား အသိပညာဗဟုသုတများ ဖြန့်ဖြူးပေးခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးခြင်း စသည်တို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၅၆ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊ ဗဟိုသင်တန်းကျောင်း၊ စွမ်းရည်ပြည့်ဝသော စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂)မှ အုပ်ချုပ်သူ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူ ၇၀၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၇၇ ဦး၊ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ဆရာ ဆရာမ ၁၂ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# အဆင့်မြင့်စက်ချုပ်အထူးသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရသင်တန်းသူများအား ပထမဆု အပ်ချုပ်စက် တစ်လုံး၊ ဒုတိယနှင့် တတိယဆုကို ငွေသားဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းသို့ နယ်စပ်ဒေသများနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင်ဒေသများမှ အမျိုးသမီး ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်း နိုင်ငံတော်မှ သင်ကြားမှုအထောက်အကူပစ္စည်း အခမဲ့နှင့် နေထိုင်စားသောက်စရိတ်များ ကုန်ကျခံပြီး ၁၂ ပတ်ကြာ သင်ကြား လေ့ကျင့်ပေးခဲ့သည်။ အဆိုပါ သင်တန်းသို့ ဗမာတိုင်းရင်းသူ ၃၂ ဦး၊ ရှမ်းတိုင်းရင်းသူ တစ်ဦး၊ ရခိုင်တိုင်းရင်းသူ သုံးဦး၊ ချင်းတိုင်းရင်းသူ သုံးဦးနှင့် မွန်တိုင်းရင်းသူ တစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။

ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နယ်စပ်ဒေသများမှ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းများ တက်ရောက်ခဲ့သည့် တိုင်းရင်းသူအမျိုးသမီး ၃၄၀ တို့အား ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁)မှ (၃)အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်။ ယခုအခါ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၄)တွင် သင်တန်းသူ ၁၃၅ ဦး တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

### ❖ လယ်သမားဘဝမှ

လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသေးခြင်း၊ နည်းပညာဖွံ့ဖြိုးမှု အားနည်းနေသေးခြင်း၊ ပညာရှင်များ မရှိသေးခြင်း၊ ပြည်တွင်းမှ ထူးချွန်ပညာရှင်များ ပေါ်ထွက်ခဲ့သော်လည်း နိုင်ငံရပ်ခြားတွင် ရောက်ရှိနေကြခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသည့်အလျောက် မြင့်မားသောလစာနှင့် လူနေမှုအဆင့်ကို ရရှိကြသဖြင့် မိမိတို့နိုင်ငံကို ချစ်သော်လည်း ပြန်မလာနိုင်ကြသေးခြင်း၊ မိမိတို့နိုင်ငံမှလည်း သူများနည်းတူပေးနိုင်ပါက ပြန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများမပြည့်စုံသေးခင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ကျွန်တော် ဝန်ကြီးတာဝန်စတင်ထမ်းဆောင်ချိန်မှာ စက်မှုနဲ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ဖို့ အရှုံးပြနေတဲ့၊ ပြည်သူကိုအကျိုးမပြုတဲ့ အစိုးရပိုင်စက်ရုံအားလုံးကို သတင်းစာတွေကနေ ကြော်ငြာတင်ဒါခေါ်ပေးပြီး ပုဂ္ဂလိကထံ လွှဲပြောင်းခဲ့တယ်။ အဲဒီတော့ သူတို့က ပုဂ္ဂလိကအရင်းအနှီးနဲ့ စက်မှုကုန်ကြမ်းသီးနှံတွေ စက်ရုံတွေကို နည်းပညာအဆင့်မြှင့်တင်မှုလုပ်ကြတော့ သူတို့တွေ အမြတ်အစွန်းတွေရလာကြတယ်။ မမြတ်စွန်းတဲ့အလုပ်တွေကိုလည်း လုံးဝရပ်ဆိုင်းထားကြတယ်။ နိုင်ငံတော်အနေနဲ့လည်း အရှုံးခံရတဲ့ စရိတ်စကတွေ သက်သာလာခဲ့တယ်" ဟု ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် ခေတ်မီကြိတ်ခွဲထုတ်လုပ်မှုနည်းပညာမြင့်မားလာမှု၏ အားသာချက်များကို ထောက်ပြခဲ့သည်။

ဆက်လက်၍ စက်မှုလယ်ယာစနစ်ထွန်းကားသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လယ်သမားများအတွက် တစ်နေ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ မှ ၁၅၀ ခန့်ကို သစ်သီးဝလံစိုက်ပျိုးမှုမှ ရရှိပြီး သန့်ရှင်းသော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာမြင့်မားလှသဖြင့် မျိုးစေ့ တစ်ကီလိုဂရမ်သည် ရွှေတစ်ကီလို ဂရမ်နှင့် တန်ဖိုးညီမျှကြောင်းနှင့် "ကျွန်တော်တို့မြန်မာနိုင်ငံမှာ သခွားမွှေးတစ်လုံးဆိုရင် ၁၅၀၀ ကျပ်လောက်ရှိတယ်။ အစ္စရေးမှာ သခွားမွှေးတစ်လုံးကို အမေရိကန်ဒေါ်လာ ၁၅၀ လောက်ရှိတယ်။ ဈေးနှုန်းက အဆ ၁၀၀ လောက်ကွာတယ်။ ကျွန်တော်တို့လယ်သမားတွေ တစ်သိန်းရင်းရတဲ့အလုပ်မှာ ၅၀၀၀၀ လောက်ပဲပြန်ရလောက်အောင် ရှုံးနေကြတယ်။ သယ်ယူပို့ဆောင်ခတွေ၊ ပွဲရုံခတွေ၊ အထွေထွေစရိတ်တွေ အားလုံးပေါင်းပြီး နုတ်လိုက်တော့ တကယ်စိုက်တဲ့လယ်သမားဟာ ၁၀၀ ဖိုးထုတ်လုပ်ပေမယ့် ၅၀ သာရတယ်။ ပြည်ပစပါးဈေးကွက်မှာ အလယ်အလတ်မက်ထရစ် တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀၀၊ ၉၀၀၊ ၁၀၀၀ ကနေ အမြင့်ဆုံး ၁၀၀၀၊ ၁၁၀၀၊ ၁၂၀၀ ထိပေါက်ပေမယ့် ကျွန်တော်တို့မှာ အမေရိကန်ဒေါ်လာ ၄၀၀ သာရတယ်။ ဆန်စက်၊ ဆီစက်တွေမှာ အရည်အသွေးညံ့တဲ့အတွက် အောက်စလို့ခေါ်တဲ့ တင်း ၁၀၀ ကြိတ်ပြီး ထွက်တဲ့နှုန်းမှာ အထွက်နှုန်းလည်း မကောင်း၊ အရည်အသွေးလည်း မကောင်းတော့ တွက်ခြေကိုက်အောင် အရောအနှောတွေ လုပ်တော့ ကုန်ကြမ်းအရည်အသွေးလည်း ညံ့သလို ဈေးကွက်လည်းပျက်ရတယ်"ဟု မြန်မာ့လယ်ယာစပါးနှင့် လယ်သမားတို့၏ အခြေအနေကို သုံးသပ်ပြခဲ့သည်။

တောင်သူလယ်သမားများ၏ဘဝ ဒုံရင်းဒုံရင်းသာရှိပြီး စိုက်ရင်းပျိုးရင်း ဆင်းရဲနေကြောင်း၊ လယ်သမားဘဝအနာဂတ်ရောင်ခြည်ရှိအောင် လုပ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအပေါ်တွင်လည်း ယုံယုံကြည်ကြည်ဖြင့်လုပ်ရန် လိုအပ်ကြောင်း၊ ဖောက်ပြန် လျက်ရှိသောရာသီဥတုကို အားမကိုးတော့ဘဲ မိုးရေသောက်စနစ်မှ ဆည်ရေသောက်စနစ်၊ မြစ်ရေတင်စနစ်များသို့ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ အထွက်မကောင်း၊ ဈေးကွက်မဝင်သောမျိုးများကို ဖျက်သိမ်း၍ အထွက်တိုး ဈေးကွက်ဝင်မျိုးများ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ စိုက်နည်းပညာ ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ကျွဲ၊ နွားအားကိုးနေမှုမှ စက်ကိရိယာအသုံးပြု၍ ရာသီမရွေးစိုက်နိုင်အောင် ကြိုးပမ်းမည်ဖြစ် ကြောင်း၊ လူတိုင်း အာဟာရ ပြည့်ဝ၊ လူတိုင်းအသက်ရှည်ချမ်းသာရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထမ်းဆောင်နေသောတာဝန်ဖြစ်ရာ လယ်သမားတို့ဘဝတိုးတက်ရေးအတွက် ဈေးကွက်ဝင် အထွက်တိုးသီးနှံမျိုးစေ့များပေးမည်၊ စိုက်ပျိုးနည်းပညာများပေးမည်ဖြစ်ပြီး ဈေးကွက်နှင့်လည်း ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဧက တင်း ၂၀၀ မှ ၃၀၀ အထိ ထွက်နိုင်မည့် စပါးမျိုးစေ့များ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိလျော့နည်းနေသည့် လယ်ယာမြေနှင့် တိုးပွားလာသည့်လူဦးရေ ကိုက်ညီစေရန် တစ်ဧက တင်း ၂၀၀ ထွက်ဖို့လိုကြောင်း၊ သို့မှသာ လယ်သမားတို့လည်း အမြတ်အစွန်းသေချာမည်ဖြစ်ကြောင်း သုံးသပ်ပြခဲ့ပြီး လယ်သမားတို့အခက်အခဲများအတွက် ချိတ်ဆက်ဖြေရှင်းရမည့်နည်းလမ်းများ၊ သက်ဆိုင်ရာဌာနများကို ညွှန်ကြားခဲ့သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP)၏ အားသာချက်များ၊ အထွက်နှုန်းကောင်း သစ်သီးဝလံ၊ စပါး၊ ပြောင်းမျိုးစေ့ထုတ်လုပ်မှုများနှင့် စိုက်ကွင်းများအတွင်း လက်တွေ့လိုက်လံပြသခဲ့သည်။ ။

## ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက် အရှေ့တောင်အာရှပိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုနှင့် အဆင့်ရပ်တည်မှု

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှပိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုနှင့် အဆင့်ရပ်တည်မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၉ | ၁၃ | ၂ | ၂၄ | |
| ၂ | မြန်မာ | ၇ | ၃ | ၁၀ | ၂၀ | |
| ၃ | ကမ္ဘောဒီးယား | ၃ | ၃ | ၈ | ၁၄ | |
| ၄ | လာအို | ၂ | ၃ | ၆ | ၁၁ | |
| ၅ | အင်ဒိုနီးရှား | ၂ | ၁ | ၄ | ၇ | |
| ၆ | ထိုင်း | ၁ | ၁ | ၁ | ၃ | |
| ၇ | ဖိလစ်ပိုင် | - | - | ၁ | ၁ | |
| | ပေါင်း | ၂၄ | ၂၄ | ၃၂ | ၈၀ | |

## အရှေ့တောင်အာရှ ပိုဗီနမ်(ဗန်တို)ပြိုင်ပွဲ နောက်ဆုံးနေ့တွင် အိမ်ရှင်မြန်မာ ရွှေသုံးခု ထပ်မံဆွတ်ခူး

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ပိုဗီနမ်(ဗန်တို) ချန်ပီယံရှစ် ၂၀၁၄ ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေ သုံးခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခု ဆွတ်ခူးခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း (ဓားနှစ်လက်သိုင်း)အပြပြိုင်ပွဲတွင် ခိုင်ဝါဖူး(မြန်မာ)က ပထမ၊ ဗီယက်နမ်က ဒုတိယ၊ ကမ္ဘောဒီးယားက တတိယ၊ အမျိုးသားတစ်ဦးချင်း (လက်သိုင်း) အပြပြိုင်ပွဲတွင် ကောင်းဘိုဘိုမင်း (မြန်မာ)က ပထမ၊ ဗီယက်နမ်က ဒုတိယ၊ ဖိလစ်ပိုင်က တတိယ၊ အမျိုးသား(၅၁)ကီလိုအတိုက်ပြိုင်ပွဲတွင် စောအောင်မျိုးမြင့် (မြန်မာ)က ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အင်ဒိုနီးရှားနှင့် လာအိုက ပူးတွဲတတိယ၊ အမျိုးသမီး (၆၀) ကီလိုအတိုက် ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ခင်မိုးစန်း (မြန်မာ)က ဒုတိယ၊ အင်ဒိုနီးရှားက တတိယ၊ အမျိုးသားနှစ်ယောက်တွဲ(အတိုက်) စွမ်းရည်ပြပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ သိန်းစိုးနှင့် ချမ်းမြေ့အောင် (မြန်မာ) အတွဲက တတိယ၊ အမျိုးသားတစ်ဦးချင်း (တုတ်သိုင်း) အပြပြိုင်ပွဲတွင် လာအိုက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ အောင်ကိုဝင်း (မြန်မာ)က တတိယ အသီးသီးရရှိခဲ့ကြသည်။

ဆုရရှိသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ ပိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများကဆုများချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဗီယက်နမ်က ရွှေ ကိုးခု၊ ငွေ ၁၃ ခု၊ ကြေး နှစ်ခုဖြင့် ပထမ၊ အိမ်ရှင်မြန်မာက ရွှေခုနစ်ခု၊ ငွေသုံးခု၊ ကြေး ၁၀ ခုဖြင့် ဒုတိယ၊ ကမ္ဘောဒီးယားက ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးရှစ်ခုဖြင့် တတိယရရှိခဲ့သည်။


အမျိုးသား ၅၁ကီလိုအတိုက်ပြိုင်ပွဲ မြန်မာ-ဗီယက်နမ်ဗိုလ်လုစဉ်။

**သတင်း - ကိုကိုစိုးညွန့်၊ ဓာတ်ပုံ - အဖွဲ့ချုပ်**

## ပြည်နယ်အစိုးရအဖွဲ့ ပံ့ပိုးမှုဖြင့် မောင်တောမြို့နယ်မှ စိုက်ပျိုးရန်ခက်ခဲသည့် ကျေးရွာ ၃၆ ရွာမှ လယ်မြေများတွင် မိုးစပါး အောင်မြင်စွာစိုက်ပျိုး

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း စိုက်ပျိုးရန်အခက်အခဲရှိသည့် တိုင်းရင်းသားများ စုစည်းနေထိုင်သော ကျေးရွာ ၃၆ ရွာမှ တောင်သူများ၏ အကူအညီတောင်းခံ လယ်မြေ ၂၉၇၅ ဧကတွင် မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လွန်ခဲ့သည့်မိုးစပါးစိုက်ပျိုးရာသီဖြစ်သည့် ဇူလိုင်လအတွင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသာလူချေနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ သွားရောက်ခဲ့သည်။ ဝန်ကြီးနှင့်အဖွဲ့က တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ တောင်သူလယ်သမားများ၏ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာများအတွက် ခိုင်းနွားများ၊ လယ်ထွန်စက်များ၊ မျိုးစပါးများ၊ ဓာတ်မြေဩဇာများအား ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သဖြင့် တောင်သူများအနေဖြင့် လယ်ယာမြေများ စိုက်ပျိုးလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့ခဲ့ပြီး လယ်ယာမြေများ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ထိုသို့ မောင်တောမြို့နယ်အတွင်း စိုက်ပျိုးနိုင်သည့်လယ်မြေများအား ပလပ်မြေများ မဖြစ်ပေါ်စေရေး၊ တောင်သူများ၏ အခက်အခဲများအား ဖြေရှင်းပေးနိုင်ရေးအတွက် မိုးစပါးစိုက်ရာသီအတွင်း တိုင်းရင်းသားများစုစည်းနေထိုင်သည့် ကျေးရွာ ၃၆ ရွာမှ လယ်မြေ ၂၉၇၅ ဧကတွင် စိုက်ပျိုးရန်အတွက် မျိုးစပါး ၄၄၆၃ တင်းနှင့် ထွန်စက်များအတွက် ထွန်ယက်ရေး စက်သုံးဆီများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပေးအပ်ခဲ့သည်။ တစ်ဧကလျှင် ဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် ဓာတ်မြေဩဇာ ၂၉၇၅ အိတ်ကို ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ် စက်မှုလယ်ယာ ဦးစီးဌာနပိုင် ထွန်စက်ကြီး လေးစီးဖြင့် ထွန်ယက်ခြင်း လုပ်ငန်းများကို စက်မှုလယ်ယာ ဦးစီးဌာန ဝန်ထမ်းများက မောင်းနှင်ထွန်ယက်ပေးခြင်း၊ စက်မှုဝန်ကြီးဌာနမှ ပေးပို့ထားသော လက်တွန်းထွန်စက် ၄၅ စီးဖြင့် ဒေသခံတောင်သူများ ကိုယ်တိုင်ထွန်ယက်၍ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။

ယင်းသို့ တောင်သူများ ကိုယ်တိုင်ထွန်ယက်လုပ်ကိုင်ရာတွင် စက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် စက်မောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်၍ မိုးစပါးစိုက်ပျိုးမှုအား အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ အဆိုပါ လယ်မြေများတွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အတွက် တောင်သူများ ဝမ်းသာ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

■

## ပြည်တွင်းရေးရာ

# လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းတော်ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ငါးနှစ်လျှင် တစ်ကြိမ်ကျ လုံးတော်ပြည့်ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်မှု အစီအစဉ်အရ ယခု ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီတွင် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ရန် ဂေါပကအဖွဲ့က စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီးဖြစ်သည်။ ရွှေသင်္ကန်းတော်ကပ်လှူနိုင်ရန်အတွက် ငြမ်းဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာလလယ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

ရွှေသင်္ကန်းတော်ဆက်ကပ်လှူဒါန်းခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ကာ တစ်ရက်လျှင် ရွှေပြား သင်္ကန်းတော်အလှူရှင် ၁၀၀ ဖြင့် အလှူရှင်များကိုယ်တိုင် စေတီတော်ပေါ်သို့ တက်ရောက်၍ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူနိုင်ရန် စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားပြီး အလှူရှင်များထံသို့လည်း အသိပေးအကြောင်းကြားထားပြီးဖြစ်သည်။

ယခုတစ်ကြိမ် ကပ်လှူမည့် ရွှေပြားသင်္ကန်းတော်များမှာ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အလှူရှင်များလှူဒါန်းထားသည့် ရွှေပြား၊ ရွှေမျက်ပါး သင်္ကန်းတော်များကို ကပ်လှူသွားမည်ဖြစ်ကြောင်းနှင့် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်း) ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်လှူဒါန်းသည့် ရွှေပြား၊ ရွှေမျက်ပါး သင်္ကန်းတော်များကို နောက်တစ်ကြိမ် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကပ်လှူပူဇော်မည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားသည်။ **(ကိုချစ်)**



# အမျိုးသမီးဖိုရမ်ကျင်းပနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်သစ်နိုင်ငံ CEO of the Women Forum ဖြစ်သူ Mrs. Jacqueline Franjou နှင့်အဖွဲ့အား ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ယင်းသို့လက်ခံတွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်နိုင်ငံသံရုံးနှင့် Women Forum အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သော Women Fourm 2013 ၏ အောင်မြင်မှုနှင့် အတွေ့အကြုံများပေါ်အခြေခံ၍ ၂၀၁၄ ခုနှစ်အတွင်း ဒီဇင်ဘာ ၅ ရက်တွင် နေပြည်တော်၌ လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း Women Fourm 2014 ကျင်းပနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် တာဝန်ယူဆောင်ရွက်ကြမည့် အခန်းကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ E-library ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ဝင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးသော Public Digital Library Service (PDLS) စက်ဖြင့် Wifi ဖွင့်၍ စာပေဖတ်ရှုလေ့လာနိုင်သော E-library လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Public Digital Library Service စက်ဖြင့် မီတာ ၆၅၀ အတွင်းဖမ်းယူ၍ စာပေများ လေ့လာဖတ်ရှုနိုင်ပါကြောင်း၊ မိမိ၏ Phone, Tablet, Note book တို့ကို Wifi switch ကို on ထားခြင်းဖြင့် Moi-pdls.net အမည်ရှိ Hotspot များ connect ပြုလုပ်ပြီး connnected ရရှိသွားပါက မိမိ Work Browser Address Bar တွင် https//Moi-pdls.net ကို ရိုက်ထည့်လျှင် Library page တွင် ရွေးချယ်ကာ အလိုရှိသော သုတ၊ ရသစာအုပ်များကို ဖတ်ရှုနိုင်ပါကြောင်းနှင့် ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်အောက်ရှိ ဓာတ်ပုံပြခန်းနှင့် လမ်းမတော်မြို့နယ် ဗဟိုအမျိုးသမီးဆေးရုံတို့တွင်လည်း တပ်ဆင်အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရရုံးမှ ဝန်ထမ်းများအား wifi အသုံးပြုပြီး PDLS စက်ဖြင့် E-library စာပေလေ့လာဖတ်ရှုခြင်းနည်းများကို အလုံ(ပြန်/ဆက်)မှ ဦးစီးမှူး ဒေါ်တင်တင်ချို က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**



ဆိုင်ကယ်တစ်စီးပေါ်တွင် တပ်ဆင်ပြီးဆိုင်ကယ်နှစ်စီးတင်ဆောင်ကာ မြို့တွင်းဘက်သို့ စီးနင်းသွားလာနေသည်ကို အောက်တိုဘာ ၂၃ ရက်က မိတ္ထီလာမြို့ ရေကျော် ခုနစ်ပေါက်တံတားအဆင်း၌ တွေ့မြင်ရစဉ်။

**ဒီစီအီး(မန္တလေး)**

● **ကေကေအိုမှ**

စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် အမှတ် (၂၀၄) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးစိုးဇေယျာလင်း ဦးစီးတပ်စု တစ်စုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်မရောမြို့ လုံခြုံရေးအတွက် စက်လှေဆိပ် ဝင်/ထွက်မှုအား စစ်ဆေးနေစဉ် မသင်္ကာဖွယ်အမျိုးသား တစ်ဦးတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ကေကေအိုစောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်ဖြစ်ကြောင်းနှင့် စောဝင်းဖော် အဖွဲ့အား ရွှေဝါချောင်ကျေးရွာတွင် စောဆန်းအောင်နှင့်အတူ သွားရောက်တွေ့ဆုံပူးပေါင်းခဲ့သူဖြစ်ကြောင်း သိရသည်။

၎င်း၏ ထွက်ဆိုချက်များအရ ကေကေအို စောဆန်းအောင်အဖွဲ့မှ သိမ်းဆည်းသွားခဲ့သော လက်နက်များအနက် အချို့အား ဝှက်ထားကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး ဆက်လက်ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်အား အောက်တိုဘာ ၄ ရက်တွင် နယ်မြေခံတပ် လှုပ်ရှားစစ်ကြောင်းသို့ လွှဲပြောင်းပေးခဲ့သည်။

ထိုနေ့တွင်ပင် ရွှေဝါချောင်ကျေးရွာအနီးတစ်ဝိုက်၌ ဖော်ထုတ်ခဲ့ရာ ညနေပိုင်း၌ သိမ်းဆည်းသွားသော လက်နက်ငယ်သုံးလက်အား ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်လက်နက်များအား ဆက်လက်ရှာဖွေရန် ရွှေဝါချောင်ကျေးရွာအနီး၌ ညအိပ် အခြေပြုစဉ် ည ၇ နာရီ ၄၅ မိနစ်၌ အပေါ့သွားရန် အကြောင်းပြချက်ဖြင့် အောင်နိုင်က ကင်းစောင့်စစ်သည်အား ရုတ်တရက်လုံးထွေးပြီး လက်နက်လုယူ၍ ထွက်ပြေးရန်ကြိုးပမ်းစဉ် ကင်းစောင့်စစ်သည်၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် အသေဖမ်းဆီးရမိကာ ရွှေဝါချောင်ကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အကွာတွင် ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဒေါ်သန္တာဆိုသူက ကျိုက်မရောနယ်မြေ အမှတ်(၂၀၈) တပ်ရင်းသို့ လာရောက်၍ လေ့ဆိပ်အနီးဖမ်းဆီးခံရသူမှာ မိမိ၏ အမျိုးသား အောင်နိုင်(ခ)ပါကြီးဖြစ်ပြီး ပျောက်ဆုံးနေသူဖြစ်ကြောင်း တပ်ရေးဗိုလ်ကြီးထံသို့ စုံစမ်းခဲ့သည်။

အဆိုပါ စုံစမ်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ ကွပ်ကဲမှုအောက်တပ်များအား အသေးစိတ်စိစစ်ခဲ့ရာ လက်နက်လုယက်မှုကြောင့် ပစ်ခတ်ဖမ်းဆီးခံရပြီး သေဆုံးသူမှာ ဒေါ်သန္တာ၏ ခင်ပွန်းဖြစ်သူ အောင်နိုင်(ခ) ပါကြီးဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အနေဖြင့် မိသားစုဝင်များအား ခေါ်ယူ၍ ဖြစ်စဉ်အခြေအနေများကို အသိပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ယဉ်ကျေးလိမ္မာသင်တန်းနှင့် အထွေထွေရောဂါအခမဲ့စမ်းသပ်ကုသပေးခြင်းဖွင့်ပွဲကျင်းပ

**လယ်ဝေး အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ၏ လှူဒါန်းမှုဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ စမတောင်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အထွေထွေရောဂါအခမဲ့ စမ်းသပ်ကုသပေးခြင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် မေတ္တာရှင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ကိုယ်စား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝင်းဖေ(ခ) ဦးရေဝတက ဩဝါဒကထာမြွက်ကြားပြီး နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားသည်။

ထို့နောက် သူရဦးမြင့်မောင်နှင့် ဒေါက်တာခင်ရွှေတို့က သင်ထောက်ကူပစ္စည်းများ၊ ဝတ်စုံများပေးအပ်လှူဒါန်းခဲ့ပြီး ဒေါက်တာခင်ရွှေက စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှ သွားရောက်ပညာသင်ယူနေကြသည့် နည်းပညာတက္ကသိုလ်တွင် ရှစ်ဦး၊ တပ်မတော်ဗိုလ်လောင်း သုံးဦးအတွက် တစ်ဦးကို တစ်လလျှင် ကျပ်တစ်သိန်း၊ စီးပွားရေးတက္ကသိုလ်တွင် တစ်ဦး၊ သူနာပြုတက္ကသိုလ်တွင် လေးဦးအတွက် တစ်ဦးကို တစ်လလျှင် ကျပ်ငါးသောင်းတို့ကို ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို စမတောင်ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏိန္ဒတို့က ရင်ခွင်မဲ့ကလေးငယ်များ၊ ဘဝချို့တဲ့သည့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ ဘွဲ့ရ ၂၀ ပြုစုမွေးထုတ်ပေးနိုင်ခဲ့သည်။ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ရင်ခွင်ပိုက် ကလေး ၄၂ ဦး အပါအဝင် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် တက်ရောက်နေကြသည့် တိုင်းရင်းသား ကလေးသူငယ် စုစုပေါင်း ၄၄၆ ဦးကို ပြုစုပျိုးထောင်ထောက်ပံ့ပေးလျက်ရှိသည်။ **(ကြေးမုံ)**

# ပဲခူးမြို့လယ်လူကူးခုံးကျော်တံတား တည်ဆောက်မည်

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ယခင်အမျိုးသားတန်းမြင့်ကျောင်း)ရှေ့၌ လူကူးခုံးကျော်တံတားဆောက်လုပ်ရန် အောက်တိုဘာ ၂၄ ရက်က မင်္ဂလာ ပန္နက်တင်အခမ်းအနားကျင်းပသည်။

တံတားဆောက်လုပ်မည့်လုပ်ငန်းခွင်၌ မင်္ဂလာအချိန်တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက မင်္ဂလာပန္နက်ရိုက်ပေးသည်။

အဆိုပါ ပဲခူးမြို့လယ် လူကူးခုံးကျော်တံတားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံ ငွေကျပ်သိန်း ၁၀၀၀ အကုန်အကျခံ၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ၌ ဖွင့်လှစ်နိုင်ရန်တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ လူကူးခုံးကျော်တံတား တည်ဆောက်မည့် နေရာသည် နံနက် ညနေ ကျောင်းတက်၊ ကျောင်းဆင်းချိန်များ၌ နေ့စဉ်ယာဉ်ကြောပိတ်ဆို့လေ့ရှိသော နေရာဖြစ်သည်။ အဆိုပါ လူကူးခုံးကျော်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လူကူးခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၂)က တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **မင်းစစ်သူ(ပဲခူး)**

# အားကစားစိတ်ဓာတ်မြင့်မားစေရန် ကျောင်းသားများအား ဘောလုံးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ဘောလုံးကစားခြင်းဖြင့် အားကစားစိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်နှင့် အနာဂတ်စိတ်ဓာတ်ခွန်အားများ ဖြစ်ပေါ်လာစေရန်အတွက် Chevrolet နှင့် One World Futbolစီမံကိန်းတို့မှ ပူးပေါင်းပြုလုပ်သော ဗိုလ်တထောင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းခြောက်ကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်းအား Chevrolet အမှတ်တံဆိပ်ပါ ဘောလုံးများလှူဒါန်းခြင်းကို ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ရာ အရှေ့ပိုင်းခရိုင် ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် Pacific AA Motor Limited မှ ဒါရိုက်တာအဖွဲ့များ တက်ရောက်ကြပြီး ဘောလုံးအသစ်များရရှိခြင်းကြောင့် ကျောင်းသားများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း သိရသည်။



Pacific AA Motor Limited မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာဒေါ်စောနေနွယ်က "လှူဒါန်းရတဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ကျောင်းသား ကျောင်းသူတွေ အားကစားဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ပါ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလကလည်း အမှတ်(၃) အခြေခံပညာဦးစီးဌာနမှာ ဘောလုံးအလုံးရေ ၂၀၀ လှူခဲ့ပါတယ်။ ပြီးခဲ့တဲ့ အပတ်ကလည်း မြောက်ဒဂုံမြို့နယ်က စာသင်ကျောင်းငါးကျောင်းမှာ ဘောလုံး ၅၀၀ လှူခဲ့ပါတယ်။ ဒီနေ့ လှူတာကတော့ ဗိုလ်တထောင် မြို့နယ်အတွင်းက စာသင်ကျောင်း ခုနစ်ကျောင်းရဲ့ ကျောင်းသား ၂၀၀၀ ကျော်အတွက် ဘောလုံး ၁၁၀ လှူဒါန်းတာပါ။ ကျောင်းသား ၂၀ ကို ဘောလုံးတစ်လုံးနှုန်းနဲ့ လှူတာပါ"ဟု ရှင်းပြသည်။

အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်မြို့နယ်၌ သာကေတမြို့နယ်မှ လာရောက်စာသင်ကြားနေသော ရှစ်တန်းကျောင်းသားတစ်ဦးကလည်း "ဒီလိုအဆင့်မြင့်ဘောလုံးကို ကန်ရတော့မှာဆိုတော့ အရမ်းပျော်ပါတယ်။ အရမ်းလည်းကန်ချင်ပါတယ်။ အရင်ကဆိုကျောင်းကို ကော်ဘောလုံးပဲယူလာပြီး သူငယ်ချင်းတွေနဲ့ ကန်ရတာပါ၊ ခုတော့ ဒီဘောလုံးကို ကန်ရမယ်ဆိုတော့ ခုတောင်ကန်ချင်နေပါပြီ" ဟု ဝမ်းသာပီတိစကားဆိုလေသည်။

အဆိုပါ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများအတွက် လှူဒါန်းလိုက်သော တာရှည်ခံ၊ အကြမ်းခံရန် ထုတ်လုပ်ထားသည့် ဘောလုံးများမှာ လေထိုးရန်မလိုဘဲ ဘောလုံး ပေါက်သွားသည့်တိုင် လေလျော့ခြင်းမရှိသော ဘောလုံးအမျိုးအစားဖြစ်ကြောင်း သိရပြီး ဘောလုံးတစ်လုံးလျှင် တန်ဖိုးနှုန်းထား ဒေါ်လာ ၄၀ ရှိကြောင်း သိရသည်။ ထို့အပြင် ဘောလုံးအရေအတွက် စုစုပေါင်း ၂၀၀၀၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်နှင့်တောင်ပိုင်းခရိုင်အတွင်းရှိအလယ်တန်းကျောင်း ၁၆၆ ကျောင်းနှင့် အထက်တန်းကျောင်း ၂၇၀ တို့တွင် ကျောင်းသားဦးရေ ထောင်ပေါင်းများစွာအား အကျိုးကျေးဇူးသက်ရောက်စေရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရပြီး လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ဘောလုံးအရေအတွက် စုစုပေါင်း ၈၁၀ လှူဒါန်းပြီးဖြစ်ကြောင်း Pacific AA Motor Limited မှသိရသည်။

**စိုးဝင်း(MLA)**

# မုဒုံမြို့ တန်ဆောင်တိုင် မသိုးသင်္ကန်း ကျေးရွာအုပ်စု သမီးပျိုများက ယှဉ်ပြိုင်ရက်ခတ်ကြမည်

**မုဒုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် မုဒုံမြို့ (၇၂)ကြိမ်မြောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့(နိုဝင်ဘာ ၅ ရက်) ညနေပိုင်းတွင် မုဒုံမြို့ မင်းတန်းရပ်၌ ကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲတွင် မုဒုံမြို့ မြို့မ လေးရပ်ကွက်တို့မှ ရက်ကန်းစင် လေးစင်၊ တောင်ပိုင်းကျေးရွာအုပ်စုများမှ ရက်ကန်းစင်လေးစင်နှင့် မြောက်ပိုင်းကျေးရွာ အုပ်စုများမှ ရက်ကန်းစင်လေးစင် စုစုပေါင်း ရက်ကန်းစင် ၁၂ စင်ဖြင့် ရက်ကန်းခတ်ကျွမ်းကျင်သူ ကျေးရွာအုပ်စုမှ သမီးပျိုလေးများက မသိုးသင်္ကန်းများကို ယှဉ်ပြိုင်ရက်ခတ်ကြမည်ဖြစ်သည်။

ဝိနည်းတော်နှင့်အညီချုပ်လုပ်ပြီးစီးသော မသိုးသင်္ကန်းတော်မြတ်များကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ ရက်) နံနက် အရုဏ်မတက်မီ သမိုင်းဝင်ကန်တော်ကြီးစေတီ၊ သဘော်ဦးစေတီ၊ ဘုရားလေးဆူစေတီ၊ မင်းတန်းရပ်စေတီ၊ မြို့ပေါ်နှင့်ရပ်ကွက်များရှိ စေတီများ၊ တောင်ညိုတောင်တန်းပေါ်ရှိ စေတီများဆီသို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆွမ်းလောင်းဝေယျာဝစ္စအဖွဲ့ဝင်များနှင့် လူငယ်မောင်မယ်များက သွားရောက်ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်အကြိုအဖြစ် ရှင်ဥပဂုတ္တရုပ်ပွားတော်မြတ်အား မုဒုံမြို့ မြို့မ လေးရပ်ကွက်အတွင်း တန်ဆောင်မုန်းလဆန်း၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်တို့တွင် လမ်းအလိုက် လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၁၀-၂၀၁၄ (စနေနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်"(အပိုင်း-၃၅) တရားတော်[ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၃၁) |
| ၈း၂၅ | ကလေးတို့ကမ္ဘာ |
| ၉း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | ဈေးဝယ်လမ်းညွှန် (Ocean Super Center Mandalay) |
| ၁၂း၁၅ | Healthy Life (ကလေးများ၏ ခံစားနားလည်မှု) (အပိုင်း-၂) |
| ၂း၂၀ | Education Talk [ပညာရေးနှင့်ကျူရှင် (ဒုတိယပိုင်း)] (အပိုင်း-၁) |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၃၂) |
| ၇း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၁)] |
| ၈း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" ဇာတ်သိမ်းပိုင်း |
| ၉း၁၅ | ၂၀၁၄ လက်ဆောင် တင်ဇာမော်+မြင့်မိုးအောင် (အပိုင်း-၂) |
| ၄း၄၀ | တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတဓတောရသာသနာ့ရိပ်သာ |

# ဘိန်းကင်းစင်ပပျောက်ရေး စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံတွင် ဘိန်းကင်းစင်ပပျောက်စေရေးအတွက် တောင်တန်းဒေသ လူမှုဖွံ့ဖြိုးရေးလှုပ်ရှားဆောင်ရွက်မှုအဖွဲ့နှင့် ပအိုဝ်းလူငယ်အစည်းအရုံးတို့ ပူးပေါင်းပြုလုပ်သည့် "ဘိန်းနွံတွင်းကငိုရှိုက်သံ"အစီရင်ခံစာ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ YMCA ခန်းမ၌ ပြုလုပ်ခဲ့သည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံကို ဘိန်းကင်းမဲ့သည့်နိုင်ငံ၊ လူငယ်များကို မူးယစ်ဆေးဝါးနှင့် ကင်းဝေးပြီး ဘိန်းကြောင့် ဖြစ်ပေါ်နေသောပြဿနာများနှင့် ပဋိပက္ခများကို လျှော့ချ၍ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်မြှင့်တင်ကာ ဘိန်းအစားထိုးသီးနှံများကို စနစ်တကျ ပိုမိုထိရောက်စွာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်စေလိုသော ဆန္ဒတို့ဖြင့် ရေးသားပြုစုရခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ တားမြစ်ထားသော မူးယစ်ဆေးဝါးများအနက် ဘိန်းပင်တစ်မျိုးတည်းကိုသာ အဓိကထားစုစည်းတင်ပြထားသော အစီရင်ခံစာဖြစ်သည်။

ပအိုဝ်းလူငယ် အစည်းအရုံးမှ ဦးခွန်ဦးက "လူငယ်တွေအတွက် မူးယစ်ဆေးဝါးဆိုတာ အညွန့်တုံးစေတယ်။ တိုင်းပြည်ရဲ့အနာဂတ်တည်ဆောက်မှုတွေမှာ ဘိန်း တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးက ခလုတ်ကန်သင်းဖြစ်တယ်။ ဒီခလုတ်ကန်သင်းကို တိုက်မိမသွားအောင် လူငယ်တွေ ရှောင်ရှားနိုင်ဖို့လိုတယ်။ ဒါကြောင့် ရှောင်ရှားကြပါလို့ပြောချင်ပါတယ်" ဟု ပြောသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများကိုလည်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတော်မှ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပြီး ၁၉၉၉ မှ ၂၀၁၄ အထိ မူးယစ်ဆေးဝါးနှိမ်နင်းရေး ၁၅ နှစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မူးယစ်ဆေးစွဲနေသည့် လူငယ်များအား မြန်မာနိုင်ငံ မူးယစ်ဗဟိုမှ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရွှေပြည်သာစခန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကုန်စုံကျေးရွာရှိ ရွှေပြည်အေးစခန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမားမြို့ရှိ ရွှေပြည်သစ်စခန်းတို့တွင် လူငယ်ပျိုးထောင်ရေးစခန်းသုံးခုဖွင့်လှစ်ကာ ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

**(သီသီမင်း)**

**မူးယစ်ဆေးဝါးသည် လူသားအားလုံးကို အညွန့်တုံးစေနိုင်သည်**


အက်ရှင်ဇာတ်ကားကြီး




Junction Cineplex တွင် 24-10-2014 မှ စတင်ပြသမည့် ဇာတ်ကားများ

Junction Square ( Ph - 01 527055, 09 2544 24544)

| | | |
|---|---|---|
| Reclaim | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| စုန်းပြူး | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Annabelle (Dell Digital Cinema) | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |

Junction Nay Pyi Taw ( Ph - 067 421 615)

| | | |
|---|---|---|
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

(17-10-2014) ရက်နေ့မှစ၍ Junction Cineplex (Square) နှင့် မြရတနာ ရုပ်ရှင်ရုံ တွင် ပြဖြ




Junction Cineplex

| Sun to Thur | Fri & Sat |
|---|---|
| 10 : 00 AM | 10 : 00 AM |
| 1 : 00 PM | 1 : 00 PM |
| 4 : 00 PM | 4 : 00 PM |
| 7 : 00 PM | 7 : 00 PM |
| | 9 : 30 PM |

**Junction Cineplex (Square)**
2nd Floor, Junction Square, Between Pyay Road & Kyun Taw Road, Kamayut Township, In Front of T.T.C School, Yangon.
Tel:01- 527 055,09 2544 24 544.

**မြရတနာ ရုပ်ရှင်ရုံ**
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ၊ (၅)ရပ်ကွက် ၊ မြင်တော်သာလမ်းနှင့် ဇင်မလမ်းထောင့်။ ဖုန်း - ၀၁ ၅၅၆၇၈၂

Mega Ace
MYA YADANAR CINEPLEX
10 : 00 AM
12 : 30 PM
3 : 30 PM
6 : 30 PM
9 : 00 PM

## ပြည်တွင်းရေးရာ



# ဓာတ်ကြိုးပြတ်ကျမှုအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ကျောက်တန်း အောက်တိုဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့နယ်ခွဲအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်းများပြတ်ကျပြီး လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် တံတားမြို့နယ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဇော်သိန်းနှင့်အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်တွင် လူသွားလူလာများသော လမ်းဆုံများ၊ ကျောင်းသား ကျောင်းသူများ ဖြတ်သန်းသွားလာလျက်ရှိသော လမ်းများတွင် Plastic Linked Rope များ တပ်ဆင်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# ခရမ်းမြို့နယ်အတွင်း ကျေးလက်မီးလင်းရေး ဆိုလာများတပ်ဆင်

**ခရမ်း အောက်တိုဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အောက်တိုဘာ ၁၆ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းနှင့်အဖွဲ့သည် ခရမ်းမြို့နယ်အတွင်း ကျေးလက်မီးလင်းရေး (ဆိုလာ)များ တပ်ဆင်ဆောင်ရွက်ပြီးစီးသည့် မောင်းမကျေးရွာ၊ အုတ်ဖိုကျေးရွာနှင့် ပေါက်ပင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးတို့က ဆိုလာများတပ်ဆင်ပြီးစီးမှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

**(ခရမ်းကျေးလက်/ဦးစီး)**

# မန္တလေး ငါးမြို့နယ်အတွင်းရှိ ဗီဒီယိုအငှားဆိုင်များ စစ်ဆေးအရေးယူမည်

**မန္တလေး အောက်တိုဘာ ၂၄**

မြန်မာဗီဒီယိုဇာတ်ကား ဖွံ့ဖြိုးတိုးတက်ရေးအတွက် All Master Plan စီမံချက်ကို လုပ်ဆောင်ထားရှိရာ မန္တလေး ငါးမြို့နယ်အတွင်းရှိ ဗီဒီယိုခွေအငှားဆိုင်များတွင် တရားမဝင်လိုင်စင်မဲ့၊ ဆင်ဆာမဲ့ဗွီစီဒီ၊ ဒီဗွီဒီ အချပ်များ ငှားရမ်းလုပ်ကိုင်ခြင်းမရှိစေရန်နှင့် လုပ်ငန်းလိုင်စင်မရှိဘဲ ဖွင့်လှစ်သည့်ဆိုင်များပပျောက်စေရန် နိုဝင်ဘာ ၃ ရက်မှ စတင်၍ ကွင်းဆင်းစစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်က ကျင်းပသည့် တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီအစည်းအဝေးမှ သိရသည်။

"တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့အနေနဲ့ All Master Plan စီမံချက်ကို စတင်ဆောင်ရွက်နေပါတယ်။ ပထမအဆင့်အနေနဲ့ မန္တလေး ငါးမြို့နယ်မှာရှိတဲ့ လုပ်ငန်းလိုင်စင်ရရှိထားတဲ့ ခွေအငှားဆိုင်တွေနဲ့ တရားမဝင်ရောင်းနေတဲ့ ပုံကူးခွေအရောင်းဆိုင်တွေမှာ မြန်မာဇာတ်ကားဆင်ဆာမဲ့ ခိုးကူးခွေတွေမရှိစေဖို့ တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့မှ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီက ကွင်းဆင်းစစ်ဆေးနေတယ်။ ဒုတိယအဆင့်အနေနဲ့ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်ကို ဆက်လက်ကွင်းဆင်းစစ်ဆေးသွားမှာပါ။ တတိယအဆင့်မှာတော့ တိုင်းဒေသကြီးအတွင်းမှာ အားလုံးပပျောက်သွားအောင် ဆောင်ရွက်မှာပါ"ဟု စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေက ပြောသည်။

မန္တလေး ငါးမြို့နယ်အတွင်း လုပ်ငန်းလိုင်စင်ဖြင့် ဖွင့်လှစ်ထားသော ခွေအငှားဆိုင်ပေါင်း ၅၀၀ ကျော်ရှိပြီး ယခုဆိုင်ပေါင်း ၄၀၀ ကျော်သာရှိတော့သဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် ကြိုတင်အကြောင်းကြားသွားမည်ဖြစ်သည်။ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့တို့ ရှိ ခွေအငှားဆိုင်များကို နိုဝင်ဘာ ၃ ရက်မှစတင်ကာ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီအနေဖြင့် ရဲတပ်ဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေးအရေးယူသွားမည်ဖြစ်ရာ တရားမဝင် ဗွီစီဒီ၊ ဒီဗွီဒီ အချပ်များ စစ်ဆေးတွေ့ရှိပါက ပြစ်မှုဆိုင်ရာဥပဒေအရ ပြင်းထန်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# စာဖတ်အများဆုံးဆုနှင့် စာငှားအများဆုံးဆုချီးမြှင့်

**တပ်ကုန်း အောက်တိုဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရပ်ကွက်နှင့် ကျေးလက်နေ ကျောင်းသား ကျောင်းသူများအား ကျောင်းစာအပြင် စာစီစာကုံးများ၊ ကဗျာများရေးတတ်စေရန်နှင့် ပြည်သူများ ပြင်ပဗဟုသုတများကို စာအုပ်၊ စာပေများမှတစ်ဆင့်ရရှိစေရန် ရည်ရွယ်ကာ ရပ်ကွက်/ကျေးရွာများတွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများ၊ စာအုပ်ပြပွဲများ၊ ရွေ့လျားစာငှားလုပ်ငန်းများ၊ လူစည်ကားသည့် နေရာများတွင် စာပေရေချမ်းစင်များ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင်လည်း စာဖတ်အများဆုံးဆုနှင့် စာငှားအများဆုံးဆုများ လစဉ်ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလအတွက် စာဖတ်အများဆုံးဆုနှင့် စာငှားအများဆုံးဆုများ ချီးမြှင့်ပေးခဲ့ရာ ဆရာစံရပ်ကွက်မှ အနေးယာဉ်မောင်းသူ ဦးမောင်ဇော်က စာငှားအများဆုံးဆု၊ မြဝတီရပ်ကွက်မှ သတ္တမတန်းကျောင်းသား မောင်နော်ထူးလှိုင်က စာဖတ်အများဆုံးဆုရရှိကာ အဆိုပါဆုများကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်နှင့် ဒေါ်သန်းသန်းနွယ်(စာထောက်/၃) တို့က ဆုများချီးမြှင့်ပေးကြောင်း သိရသည်။



**(တင်စိုးလွင်)**




# တပ်ကုန်း၌ ကတ္တရာလမ်းသစ်များဖွင့်

**တပ်ကုန်း အောက်တိုဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်ဆည်းအကောင်အထည်ဖော်ပေးလျက်ရှိရာ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာလမ်းနှင့် စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်တွင် အဆိုပါလမ်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် ဘုရင့်နောင်ရပ်ကွက်ရှိ အနော်ရထာလမ်းမှာ အကျယ် ၁၂ပေ၊ အရှည် သုည ဒသမ ၄၅မိုင်ရှိပြီး မြဝတီရပ်ကွက်ရှိ စံပယ်လမ်းမှာ အကျယ် ၁၂ပေ၊ အရှည် သုည ဒသမ ၁၄ မိုင် ရှိကြောင်းသိရသည်။ အဆိုပါလမ်းများကို နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ၃၈ ဒသမ ၃၆ သန်း အကုန်ကျခံ၍ အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်တို့တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



**ဇာဇာထွန်း(တပ်ကုန်း)**

# အသားတိုးကြက်မွေးမြူသူများ အဆင်ပြေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

လယ်ဝေးမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အသားတိုးကြက်များ မွေးမြူလျက်ရှိရာ ကြက်သားပေါက်ရောက်ချိန် နှစ်ပတ်အတွင်း အပူချိန်(ဟေလိုဂျင်) မီးပုံးများဖြင့် ကြက်သားပေါက်များအအေးမပတ်အောင် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အထူးဂရုစိုက်ဆောင်ရွက်ကြကြောင်း၊ ကြက်ပေါက်မီးကိုင်ချိန်အတွင်း အနည်းဆုံး ရှစ်ကြိမ်နှင့်အထက် အစာကျွေးရခြင်းနှင့် ကာကွယ်ဆေး လေးကြိမ်တိုက်ကျွေးလျက်ရှိပြီး ရက်သတ္တနှစ်ပတ်ကျော်ပါက ကြက်ခြံအားသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် သုံးပတ်သားကျော်ပါက တစ်နေ့လျှင် အစာနှစ်ကြိမ် ကျွေးမွေးပြီး ရေတစ်နေ့လေးကြိမ်တိုက်ကျွေးရသည်။ လေဝင်လေထွက်ကောင်းမွန်ပါက ရက် ၉၀ သား ကြက်တစ်ကောင်လျှင် ပျမ်းမျှ (တစ်ပိဿာငါးဆယ်သားနှုန်း)ထိ ရောင်းတန်းဝင်ကြက်များ ရရှိသည်ဟု မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ တစ်နိုင်တစ်ပိုင်မွေးမြူကြသူများအနေဖြင့် တစ်ခြံလျှင် ကြက်ကောင်ရေ ၅၀၀ ဝန်းကျင်မွေးမြူလျက်ရှိပြီး လယ်ဝေးမြို့တွင် ကြက်ကောင်ရေ ၅၀၀၀ နှင့် ကြက်ခြံ ခုနစ်ခြံခန့်ရှိကြောင်း အမှတ်(၆)ရပ်ကွက် ဗလကြက်ဒိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**



# ကျောင်းသား ကျောင်းသူများ ငွေစုဆောင်းတတ်ရေး CB youth စတင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကိုယ်ပိုင်ငွေကို စုဆောင်းတတ်ရန်၊ ဘဏ်လုပ်ငန်းကို စိတ်ဝင်စားတတ်စေရန်နှင့် မိမိစုဆောင်းငွေကို အဆင်ပြေစွာသုံးစွဲနိုင်ရန် ရည်ရွယ်၍ စီဘီဘဏ်က CB youth ဝန်ဆောင်မှုကို စတင်လိုက်ကြောင်း သိရသည်။




ကျောင်းသား ကျောင်းသူများ ကြိုတင်ငွေ စုဆောင်းတတ်သည့် အလေ့အကျင့်၊ စီဘီဘဏ်နှင့် ချိတ်ဆက်၍ Mobile Banking Service များအသုံးပြုနိုင်ခြင်း၊ မိမိစုဆောင်းငွေပေါ်တွင် စီဘီဘဏ်မှ ခွင့်ပြုသောအကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်သည်။

ငွေစုလိုသည့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံသား အသက်(၁၆)နှစ်မှ (၂၂)နှစ်အထိဖြစ်ရမည်။ ဘဏ်စာရင်းဖွင့်ရာတွင် မှတ်ပုံတင်ကတ်နှင့် ကျောင်းသားကတ်များလိုအပ်ပြီး စီဘီဘဏ်အနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်နှင့် မိမိစုဆောင်းငွေအပေါ် ငွေကြေးသုံးစွဲမှု ကိုယ်ပိုင်စီမံခန့်ခွဲနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

CB Bank ၏ CB Youth ဝန်ဆောင်မှုအသုံးပြုသူ ကျောင်းသား ကျောင်းသူတိုင်း စုငွေတစ်သောင်းအထက်ရှိသူများအား အတိုးနှုန်း ၈ ဒသမ ၅ရာခိုင်နှုန်းရရှိမည်။ CB Youth အကောင့်ကိုဖွင့်ခြင်းဖြင့် CB Youth ကတ်ပေးခြင်းနှင့် Mobile Banking ဝန်ဆောင်မှုကို အခမဲ့ ချိတ်ဆက်ပေးမည်ဖြစ်သည်။ ကတ်နှင့် Mobile Banking ချိတ်ဆက်ထားခြင်းကြောင့် ATM စက်များတွင်လည်း ငွေထုတ်ယူနိုင်သည်။

ထို့အပြင်လစဉ် e-Statement အခမဲ့ပို့ပေးခြင်း၊ CB Youth စာရင်းပိုင်ရှင်စာရင်းထဲသို့ ငွေလွှဲဝင်ရောက်ခြင်းအတွက် e Alert ဝန်ဆောင်မှုကို အခမဲ့ခံစားခွင့်ရရှိခြင်း၊ CB Bank နှင့်ချိတ်ဆက်ထားသော ဆိုင်များတွင် CB Youth ကတ်နှင့် ဝယ်ယူပါက အထူးလျှော့ဈေးရရှိနိုင်ခြင်း၊ CB Bank က ငွေစုဆောင်းသူ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ပညာရေးအထောက်အပံ့အဖြစ် အခြားအထူးခံစားခွင့်များကို စုဆောင်းငွေပမာဏပေါ်မူတည်၍ ထပ်ဆောင်းအပိုစုငွေ သီးခြားသတ်မှတ်၍ ဆောင်ရွက်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု

**ရိဒ်ခေါဒါရ် အောက်တိုဘာ ၂၄**

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအား အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့ရာ ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးရှိန်ဝင်းနှင့် ယူနီဆက်မှ ချင်းပြည်နယ် တာဝန်ခံ ဦးကပ်ဇလျန်တို့လိုက်ပါကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရိဒ်ခေါဒါရ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်သူလူထု ၂၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းနန္ဒကျော်(တမူး)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

## ဦးသိန်းဇံ[၁၂/ကမရ(နိုင်)၀၀၂၄၃၃]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်-၈၇၊ ပထမထပ် (ခေါင်းရင်းခန်း)နေ ဒေါ်မေဇာသွင်[၁၂/တမန(နိုင်)၀၉၉၁၀၁]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဇံ[၁၂/ကမရ(နိုင်)၀၀၂၄၃၃]နှင့် ဒေါ်မေဇာသွင်[၁၂/တမန(နိုင်)၀၉၉၁၀၁]တို့မှာ ၂၅-၅-၂၀၁၀ ရက်တွင် တရားဝင်လက်ထပ်ခဲ့ပြီး ၂၆-၅-၂၀၁၀ ရက်တွင် Sedona Hotel ၌ မင်္ဂလာဧည့်ခံပွဲကျင်းပခဲ့ပါသည်။ ထို့နောက် ဦးသိန်းဇံနှင့် ဒေါ်မေဇာသွင်တို့သည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ အမှတ်-၈၇(ပထမထပ်) (ခေါင်းရင်းခန်း)တွင် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီးငယ်မိုးပြည့်ဖြိုး(ခ)ဖူးပွင့်မေကို ၁၁-၄-၂၀၁၂ရက်တွင် ဖွားမြင်ခဲ့ပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ် (၄)နှစ်ကျော်ကာလတစ်လျှောက် ဦးသိန်းဇံမှာ ဒေါ်မေဇာသွင်အား ကိုယ်ထိလက်ရောက်နှိပ်စက်ညှဉ်းပန်းခြင်း၊ ဒေါ်မေဇာသွင် စိတ်ဆင်းရဲစေရန် နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ သောက်စားမူးယစ်ရမ်းကားခြင်း၊ ဆဲရေးတိုင်းထွာကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ အိမ်ထဲတွင်သော့ပိတ်ထားခြင်း၊ အိမ်စရိတ်မပေးတော့ခြင်းတို့ဖြင့် အကြိမ်ကြိမ်ညှဉ်းပန်းမှု ပြုလုပ်ခဲ့သော်လည်း ဒေါ်မေဇာသွင်မှာ သမီးငယ် မိုးပြည့်ဖြိုး(ခ)ဖူးပွင့်မေ၏မျက်နှာကို ထောက်ထား၍လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးဖြစ်၍ တစ်လင်တစ်မယားစနစ်ကို လက်ကိုင်ထားသောကြောင့်လည်းကောင်း စိတ်ရှည်သည်းခံစွာ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ သို့ရာတွင် ဦးသိန်းဇံမှာ ဇနီးဖြစ်သူ ဒေါ်မေဇာသွင်အပေါ် ဆက်ဆံရာတွင် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာခဲ့ရာမှ ၁၈-၁၀-၂၀၁၄ ရက် ည ၁၀း၃၀ နာရီတွင် ဦးသိန်းဇံမှာ မူးယစ်သောက်စား၍ ဒေါ်မေဇာသွင်အား ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာကြိမ်းမောင်းခြိမ်းခြောက်ပြီးနောက် လက်သီးဖြင့်ထိုးခြင်း၊ ခြေဖြင့်ကန်ခြင်း၊ သမီးငယ် မမိုးပြည့်ဖြိုး(ခ)ဖူးပွင့်မေနှင့် ဒေါ်မေဇာသွင်တို့အား တွေ့ခွင့်မပေးဘဲ အိပ်ခန်းအတွင်း တံခါးသော့ပိတ်ထားခြင်း၊ ဂုတ်မှဆွဲ၍ အိမ်အပြင်သို့ ဒေါ်မေဇာသွင်အား မောင်းထုတ်ပြီး တိုက်ခန်းအတွင်း ဝင်ခွင့်မပေးတော့ခြင်းတို့ကြောင့် ဒေါ်မေဇာသွင်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် (ဖိနပ်ပင်မပါဘဲ) ဦးသိန်းဇံ၏ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုကြောင့် ရရှိခဲ့သည့်ဒဏ်ရာဒဏ်ချက်များကို ပြသလျက် ကမာရွတ်မြို့နယ် ရဲစခန်းတွင် ဦးသိန်းဇံအပေါ် အရေးယူပေးပါရန် ပထမသတင်းပေးတိုင်ချက်အမှတ်-၄၄၉/၂၀၁၄ ဖြင့် အမှုဖွင့်တိုင်ကြားထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဦးသိန်းဇံ၏ခွင့်မလွှတ်နိုင်သော ရက်စက်မှုများကြောင့် ဒေါ်မေဇာသွင်တွင် သည်းခံနိုင်စွမ်းလုံးဝမရှိတော့ပါသဖြင့် ဦးသိန်းဇံအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုရန် စီစဉ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးသိန်းဇံနှင့် ဒေါ်မေဇာသွင်တို့ လင်မယားနှစ်ဦးပိုင်ဆိုင်သည့်

(၁) ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ်-၈၇ ပထမထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် အိမ်ထောင်ပရိဘောဂအသုံးအဆောင်ပစ္စည်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၊

(၂) ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေကွက်အမှတ်-၅/ညောင်ကုန်းကွက်၊ ဦးပိုင်အမှတ်(၂၂၈-၂၃၀၊၁၉၂၅/၂၆) မြေပိုင်မြေကွက်ဟုခေါ်တွင်သော ကြို့ကုန်းအနောက်ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ်-၅၁၇/ခ ဟု ခေါ်တွင်သော ဦးသိန်းဇံအမည်ဖြင့် ဝယ်ယူခဲ့သည့် မြေကွက်(၃) ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၃) ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၉၆၅(အေ)၊ အင်းကပို၊ ဦးပိုင်အမှတ်-၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၁၀၊ ၁၁၁၊ ၁၄၆၊ ၁၄၉၊ ၁၅၀၊ ၁၅၁ ဟု ခေါ်တွင်သော (၂၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သရက်ပင် (၆၀၀၀)နှင့် သီးပင်စားပင် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်။

(၄) ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ ကွင်းအမှတ်-၉၃၇၊ ထောက်ကြန့်ကုန်းဝွေးတောက်အိုင်ကျေးရွာအုပ်စု၊ ၁၉မိုင် ၃ ဖာလုံ၊ အကျယ်အဝန်း (၅. ၆၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၅) ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ဖွဲချောင်းသာရပ်ကွက်၊ ဦးပိုင်အမှတ်-ဃ/၅၆၊ အကွက်အမှတ်-၁၉၉၀ ချောင်းသာ ပေ(၃၇×၈၀) အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၆) ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၉၉/က၊ သီရိမင်္ဂလာလမ်းသွယ်-၁၅ ရှိ မြေကွက်အမှတ်-၉၀/ဃ၊ ဧရိယာ(၀. ၀၈၀)ဧက အကျယ်အဝန်းရှိ မြေကွက်၊ မြေကွက်အမှတ်(၈၉)၊ ဧရိယာ(၀. ၁၃၈)ဧက အကျယ်အဝန်းရှိ မြေကွက်၊ မြေကွက်အမှတ်(Plot-895)၊ ဧရိယာ(၀. ၁၁၁)ဧကရှိ မြေကွက်တို့ကို ရောင်းချခြင်းအတွက် နောက်ဆုံးအရစ် လက်ခံရယူရန် ကျန်ငွေ ၃၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းသုံးထောင်တိတိ)

(၇) Landcruiser အဖြူရောင်ကား(၁)စီး

(၈) Alphard အနက်ရောင် 7H/8308 ကား(၁)စီး

(၉) Light truck အဖြူရောင် 4F/6144 ကား(၁)စီး

(၁၀) Heavy Truck ကုန်တင်ကား(၁)စီး

(၁၁) ကမ္ဘောဇဘဏ်(လှည်းတန်း)ရှိ ဦးသိန်းဇံအမည်နှင့် Account No.0981210022496 ဖြင့် ထားရှိသောငွေ

(၁၂) ဦးသိန်းဇံလက်ဝယ်ကျန်ရှိသည့် ရွှေ ငွေလက်ဝတ်ရတနာပစ္စည်းအရပ်ရပ်တို့မှာ ဦးသိန်းဇံနှင့် ဒေါ်မေဇာသွင်တို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်ပါသဖြင့် ဒေါ်မေဇာသွင်၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ကျန်ငွေပေးချေခြင်းနှင့် ဘဏ်မှငွေထုတ်ယူခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေဇာသွင်[၁၂/တမန(နိုင်)၀၉၉၁၀၁]၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှလွင်(စဉ်-၅၇၇၃)** **ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)** **ဒေါ်လှဲ့လှဲ့ဝင်း(စဉ်-၃၉၈၈၀)**
**ဒေါ်လွင်မာ(စဉ်-၈၉၀၉)** **ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)** **ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**
**တရားလွှတ်တော်ရှေ့နေများ** **ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)**
**အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း-၇** **အထက်တန်းရှေ့နေများ**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၂၅၃၁၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

**ဖခင်အမည်မှန်**

ဒလမြို့နယ်၊ အထက်တန်းကျောင်းခွဲ၊ ရခိုင်ချောင်းရွာ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦး (ခ) ဦးကျော်ဦး ဖြစ်ပါသည်။

ဦးကျော်ဇင်ဦး (ခ) ဦးကျော်ဦး၊

**မြေကွက်များဝယ်လိုသည်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်

(အရှေ့ပိုင်း၊ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)

မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။

-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၀-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာအချပ်ပိုစာမျက်နှာ(၄)နှင့် မြန်မာ့အလင်းသတင်းစာ ကြော်ငြာအချပ်ပို စာမျက်နှာ(၁)ပါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းအား ၂၈-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၈း၀၀ နာရီမှ ၉း၀၀ နာရီအထိ အစား ၃-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၉း၃၀ နာရီမှ ၁၄း၀၀ နာရီထိဟုလည်းကောင်း၊ နည်းပညာစစ်ဆေးရေးအဖွဲ့ (Technical Evaluation Committee) အဖွဲ့ဖြင့် စစ်ဆေးခြင်းအား ၃၁-၁၀-၂၀၁၄ ရက်အစား ၅-၁၁-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိဟုလည်းကောင်း၊ အပိုဒ်(၁) Lot(3)Light Truck, Gasoline, 1500-1800CC, 2WD, 2008 Model and above အစား Light Truck, Gasoline/Diesel, 1500-2200CC, 2WD, 2008 Model and above ဟုပြင်ဆင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အားကစား

### မျိုးဆက်သစ် လူငယ်တင်းနစ်အားကစားသမားများ ပိုမိုရွေးချယ်နိုင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် မြန်မာတင်းနစ်အားကစားသမားများ နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်နိုင်ရေးနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုရွေးချယ်နိုင်ရေးအတွက် အခြေခံကျသော တင်းနစ်နည်းပြများနှင့် ကလပ်အသင်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် အကြိုညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တင်းနစ်ကလပ်များမှ နည်းပြဆရာများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နည်းပြမှတ်ပုံတင်ဆိုင်ရာ ကိစ္စရပ်များ၊ ကလပ်အသင်းများမှတ်ပုံတင်ခြင်းနှင့် ကလပ်အသင်းများ ဖွဲ့စည်းပုံစည်းမျဉ်းဆိုင်ရာများကို ပဏာမ အကြိုညှိနှိုင်းဆွေးနွေးကြသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကလပ်အသင်း ၇၀ ကျော်အားဖိတ်ကြား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဦးဆောင်ကာ အကြိုညှိနှိုင်းဆွေးနွေးချက်များအား အတည်ပြုရေးဆွဲနိုင်ရေးကို ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

# ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ မေလတွင် ကျင်းပရန် ဥရောပအင်အားကြီးကလပ်အသင်းများ ဆန္ဒရှိနေ

ဥရောပအင်အားကြီး ကလပ်အသင်းများသည် ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအား ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အား တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါဥရောပကလပ်အသင်းများ အဖွဲ့အစည်းတွင် မန်ယူအသင်း၊ လီဗာပူးအသင်း၊ ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပါဝင်ပြီး ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့် ရက်စွဲအားဖြစ်နိုင်ပါက ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပနိုင်ရန် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဥရောပကလပ်အသင်းများ အဖွဲ့အစည်းတွင် ဥရောပထိပ်တန်းကလပ်အသင်း ၂၁၄ သင်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆိုပါအဖွဲ့အစည်းကို မန်ယူအသင်း၊ ချယ်လ်ဆီးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းအပါအဝင် အဖွဲ့ဝင် ၁၆ သင်းတို့က ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့အစည်းတွင် အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်း၊ ပီအက်စ်ဂျီအသင်းတို့လည်း ပါဝင်သည်။ ဥရောပဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၅၃ နိုင်ငံမှ တစ်နိုင်ငံလျှင် အနည်းဆုံး ကလပ်အသင်းတစ်သင်း ပါဝင်နေသည်။

၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားတွင်လည်း ဥရောပကလပ်အသင်းများနှင့်အတူ ဥရောပကစားသမား ၇၅ ဦးထက်မနည်း ပါဝင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများ အဖွဲ့အစည်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အရေးပါအရာရောက်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ပြီး လတ်တလောဆွေးနွေးပွဲများတွင်လည်း ၎င်းတို့၏ ပြင်းပြသောအသံများ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ထိုသို့ ဥရောပအင်အားကြီး ကလပ်အသင်းများက ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအား ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပပေးရန် တောင်းဆိုထားသော်လည်း ၂၀၂၂ ကာတာကမ္ဘာ့ဖလားကျင်းပရေး အဖွဲ့အစည်းကမူ အားကစားကွင်းများနှင့် ပွဲကြည့်စင်များတွင် အပူချိန်လျှော့ချပေးမည့် လေအေးပေးနည်းပညာများကို အသုံးပြုရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားလျက် နွေရာသီကာလတွင် ကျင်းပနိုင်ကြောင်း အတိအလင်းပြောကြားခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆပ်ဘလက်တာကမူ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအား ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများသို့ ပြောင်းရွှေ့ကျင်းပသင့်ကြောင်း ပြီးခဲ့သည့် အောက်တိုဘာလက ပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို နွေရာသီတွင် ကျင်းပမည်မဟုတ်ကြောင်းနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ စတင်ကျင်းပမည့်အချိန်သည် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကျင်းပမည့်အချိန်ဖြစ်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပရန် ရှိနေကြောင်း ဆပ်ဘလက်တာက ပြောကြားခဲ့သည်။

၂၀၂၂ ဆောင်းရာသီအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကာဇက်စတန် သို့မဟုတ်ပါက တရုတ်တွင် ကျင်းပမည်ဖြစ်သောကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဆောင်းရာသီအားကစားပြိုင်ပွဲအကြား မည်သည့်ပြဿနာမျှ ဖြစ်လိမ့်မည် မဟုတ်ကြောင်းလည်း ဆပ်ဘလက်တာက နိုင်ငံတကာအိုလံပစ်ကော်မတီသို့ တင်ပြထားခဲ့ကြောင်းသိရသည်။

(ငွေကြယ်)

### ရီးယဲလ်၌သာ နည်းပြဘဝအဆုံးသတ်မည်ဟု အန်ဆယ်လော့တီဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ နည်းပြ အန်ဆယ်လော့တီသည် လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းသို့ သွားရောက်ကာ နည်းပြအဖြစ် ကိုင်တွယ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဘာနေဗျူး၌သာ နည်းပြဘဝအဆုံးသတ်သွားမည်ဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြအန်ဆယ်လော့တီသည် ဥရောပထိပ်တန်းကလပ်အသင်းများဖြစ်သည့် အေစီမီလန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကို ကိုင်တွယ်ခဲ့သူဖြစ်ပြီး မိမိကိုင်တွယ်ခဲ့သည့် ကလပ်အသင်းများ၏ သမိုင်းကိုပြန်ကြည့်မည်ဆိုလျှင်လည်း လေးစားလောက်ဖွယ်ရလဒ်များကိုသာ ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

(ငွေကြယ်)






### ဗဲလ်ဒက်အား မန်ယူစာချုပ်ချုပ်ဆိုခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာဂိုးသမားဟောင်း ဗစ်တာဗဲလ်ဒက်အား စာချုပ်ချုပ်ဆိုခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ မန်ယူနည်းပြ ဗန်ဟားလ်ကလည်း အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမားဗဲလ်ဒက် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာပါက အပြီးသတ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်းလည်း သိရသည်။

ဂိုးသမားဗဲလ်ဒက်သည် ဒူးအရွတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ခြောက်လကြာ အနားယူခဲ့ရသူဖြစ်ပြီး ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ သို့ရာတွင် လက်ရှိအနေအထားအရ ၎င်း၏ ဒဏ်ရာမှာ လုံးဝသက်သာလာပြီဖြစ်သောကြောင့် ၎င်း၏အနာဂတ်မျှော်လင့်ချက်ဖြစ်လာမည့် ကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ကစားရန် အသင်းသစ်တစ်သင်းကို ရှာဖွေလျက်ရှိကြောင်းသိရသည်။

(ငွေကြယ်)

### Super Series ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

(ISTAF) Super Series 2014 ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ လည်းကောင်း၊ ပထမအကြိမ်အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲ 1st Asian Chinlone Tournament ကို နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဆူပြည့် ကားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ (ငြိမ်း)- ၄၀၀၀၀
6+1 FREE
တောင်ကြီး(မီးပုံးပျံပွဲ)၊အင်းလေး- ၈၅၀၀၀
0931815390,0931815395

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လရှုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)(တောင်ပိုင်း)၊
ဆိပ်ကမ်း၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉၄၃၀၈၉၂၀၃၊ ၀၉၄၂၃၇၂၆၉၄၅

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770









# စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က ပင်လုံမြို့ ရပ်ကွက်(၃)နေ မနန်းခမ်းအိမ်၏ အိမ်အားသတင်းအရ ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆ ပြား သိမ်းဆည်းရမိသဖြင့် မနန်းခမ်းအိမ် (၃၁) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပညာ(ခ)အိုက်ဖုန်းမောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဆိုင်ကယ်ဝဲ/ယာဒူးကာတစ်ဖက်စီအတွင်းမှ ဘိန်းဖြူငါးထုပ် (အလေးချိန် ၁၂၀ ဂရမ်)နှင့် ဆိုင်ကယ်လေစစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိသဖြင့် ပညာ(ခ) အိုက်ဖုန်း(၄၁)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



လှတင်နှင့် ယောဟန်(ခ)အားစီတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက်က လောက်ကိုင်မြို့နယ် နားလီစိုက်ပျိုးရေးရုံးရှေ့ လမ်းမပေါ်တွင် လောက်ကိုင်ဘက်မှ တာရွှေထန်ဘက်သို့ ကျီဝိန်ဟွာ(ခ) ကျီအားမြင်နှင့် လော်စွတ်(ခ)စစ်လော်စွတ်တို့ လိုက်ပါလာသည့် ယာဉ်အမှတ် KK......အား ရှာဖွေရာ ယာဉ်မောင်းထိုင်ခုံတွင် ချိတ်ထားသည့် FULIN BIRD စာတန်းပါ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂၂ ရက်က သတင်းအရ မိုးမိတ်မြို့နယ် ထုံးဘိုကျေးရွာရှိ လှထွန်းအိမ်သို့ သွားရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ သိမ်းဆည်းရမိခဲ့ပြီး မာအောင်၏ အိမ်အားရှာဖွေရာ နေအိမ်အိပ်ခန်းရှိ လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူလေးဂရမ် သိမ်းဆည်းရမိသည်။ ထိုသို့ရှာဖွေနေစဉ် မိုးကုတ်ရဲစခန်း မူးယစ်အမှုနှစ်ခုမှ တရားခံပြေး မခွမ်(ခ)မဟွမ်(ခ)ကချင်မအားတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုဖြစ်စဉ်များပါ လှထွန်း (၂၆)နှစ်၊ မာအောင် (၂၉)နှစ်နှင့် မူးယစ်တရားခံပြေး မခွမ်(ခ)မဟွမ်(ခ) ကချင်မ (၄၄)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရပ်ကွက်(၄) ဖားပြင်လမ်း တိမ်ပြာရောင်လက်ဖက်ရည်ဆိုင်အနီး ကားလမ်းတွင် လှတင်နှင့် ယောဟန်တို့ စီးနင်းလာသည့် ဆိုင်ကယ်အားရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၄ ကီလိုနှင့် ဆိပ်မူကျေးရွာအုပ်စု ရွာမ ရပ်ကွက်(၁)ရှိ လှတင်၏နေအိမ်အိပ်ခန်းရှိ လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို စုစုပေါင်း ဘိန်းစိမ်း ၂ ဒသမ ၉ ကီလိုနှင့် ဘိန်းဆီခဲ ၉၁ ဒသမ ၃၃ ဂရမ်ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



## မော်လမြိုင် ကျောက်တန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် အောက်တိုဘာ ၂၄**

မော်လမြိုင်မြို့နယ် ကျောက်တန်းရပ်ကွက် မြင်းလှည်းဂိတ်လမ်း၌ ဒေါ်မီမီအောင် အသက်(၄၃)နှစ်၏ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း (၁၈ ပေ × ၂၅ ပေ) နှစ်ထပ်နေအိမ်၏ ပထမထပ် အိပ်ခန်းမျက်နှာကြက်တွင် တပ်ဆင်ထားသော LED ဖန်ချောင်း ဖွင့်ထားရာမှ အပူရှိန်လွန်ကဲ၍ နံနက် ၈ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မော်လမြိုင်မြို့မှ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် အဆိုပါရပ်ကွက်ရှိ အရန်မီးသတ် ၃၀၊ ပြည်သူများက မီးသတ်ဆေးဘူးသုံးဘူးနှင့် ရေပုံးများ အသုံးပြုကာ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

**(၄၄၁)**

■

**လူသားအားလုံးရဲ့ အန္တရာယ်**
**မူးယစ်ဆေးဝါးကို ရှောင်ဖယ်**

အာဝေဂ အမှတ်တံဆိပ်
ဟော...ဟောလွန်းရင် အာဝေဂ
အာမောလို့ နှလုံးအားတိုးဆေး
ကိုသုံးပါကွယ်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အာဝေဂတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂







ပန်းဒေါင်း
လက်ရည်ကျော်
ထွက်ပြီ
နန္ဒဝီစာပေ
၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့ ဖုန်း - (၀၁)၃၈၃၀၂၅၊ ၃၉၁၆၃၃

**HOLE IN ONE**

YANGON GOLF CLUB **Congratulation U Sein Win@Aone** Hole In One Club

Hole In One Club အသင်းဝင် ဦးစိန်ဝင်း(ခ)အေဝမ်းသည် ၂၂-၁၀-၂၀၁၄ ရက်တွင် အမှတ်(၄)ကျင်း၌ တစ်ချက်တည်းကျင်းဝင် (Hole In One) ရရှိသွားပါသဖြင့် အသင်းသားများအားလုံးမှ ဝမ်းသာဂုဏ်ယူပါကြောင်း။

**Hole In One Club**
**Y.G.C**

## ရွှေပေါ်ကျွန်းသာသနာပြုစခန်း
## တန်ဆောင်တိုင် မဟာဘုံကထိန်ပွဲတော်နှင့်
## တဝစေတီတော်မြတ် စိန်ဖူးတော်တင်လှူပွဲ

ကျေးဇူးတော်ရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအရှင်ဇေယျာသိဒ္ဓိဓမ္မညာဏ ရွှေပေါ်ကျွန်းဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းသာသနာပြုစခန်း၌ စေတော်ဝင် ရွှေပေါ်ကျွန်းပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရကြီးမှူး၍ တစ်ကမ္ဘာတစ်ဝကျွေးမည်ဟူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ သဝါဒနှင့်အညီ တည်ထားခဲ့သော တဝစေတီတော်မြတ်ကြီးအား ယခုအခါ ရွှေသင်္ကန်းတော်များကပ်လှူပြီးစီး၍ စိန်ဖူးတော်ကိုလည်း အသစ်မွမ်းမံရွှေချပြုပြင်ပြီးဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်(၅-၁၁-၂၀၁၄)နေ့တွင် (၆၆)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှင့် (၄၃)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကျင်းပ၍ လပြည့်ကျော်တစ်ရက် (၇-၁၁-၂၀၁၄)နေ့တွင် တဝစေတီတော်၏ စိန်ဖူးတော်တင်လှူပွဲကြီးအား ကျင်းပပူဇော်မည်ဖြစ်ပါ၍ ထီးတော်တင်ပွဲ တစ်ခါနွဲလျှင် ဘုရားတစ်ဆူပွင့်တော်မူသကဲ့သို့ ဖူးမြော်ရသည်နှင့်တူမျှကြောင်း ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ဩဝါဒပြုခဲ့သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ဝေနေယျသာဝကများ ကြွရောက်ပူဇော်နိုင်ကြရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ရွှေပေါ်ကျွန်းပဓာနနာယကဆရာတော်နှင့် ဥပဋ္ဌာကအဖွဲ့**

**ဆက်သွယ်ရန်**

ဥပဋ္ဌာကအဖွဲ့၊ စေတော်ဝင်ရွှေပေါ်ကျွန်းသာသနာပြုစခန်း၊ မလှိုင်မြို့နယ်
ဖုန်း - ၀၉ ၄၀၂၅၆၀၂၂၅၊ ၀၉ ၆၅၀၁၁၅၅
တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂ ရက်နေ့တွင် အောင်ပွဲအဖြစ် တော်ဝင်မြို့တော်ဇာတ်ပွဲဖြင့် ဧည့်ခံမည်ဖြစ်ပါသည်။

# တိုယိုတာ(Toyota) တံဆိပ် ဇိမ်ခံကား အမျိုးအစား ခုနစ်မျိုး ပြည်တွင်းဇိမ်ခံကားဈေးကွက်တွင် နေရာရယူထားကြောင်း စစ်တမ်းတွင်ဖော်ပြ

**ရန်ကုန်၊ အောက်တိုဘာ ၂၄**

ပြည်တွင်းကား ရောင်းဝယ်ရေးဈေးကွက်တွင် မြန်မာ့ဇိမ်ခံကား(Luxury Car) ဈေးကွက်၏ အဆင့်(၁)မှ (၇)နေရာအထိကို တိုယိုတာ (Toyota) အမှတ်တံဆိပ် ဇိမ်ခံကားအမျိုးအစား ခုနှစ်မျိုးက ဈေးကွက်ရယူထား ကြောင်း Motors.com.mm မှ ကောက်ယူသော စစ်တမ်းတွင်ဖော်ပြထားသည်။

ယခင်က လူချမ်းသာများသာ ဝယ်ယူ စီးနင်းနိုင်သော ဇိမ်ခံကားမော်ဒယ်အမျိုးအစား တစ်ခုဖြစ်သည့် တိုယိုတာ မတ်ခ်တူး (Toyota Mark II) က ဈေးကွက်ဝေစု ၂၂ ရာခိုင်နှုန်းဖြင့် ပထမ၊ အဆိုပါ Toyota Mark II ၏ နောက်မျိုးဆက်တစ်ခုဖြစ်သည့် မော်ဒယ်မြင့် တိုယိုတာမတ်ခ်အိတ်စ်(Toyota Mark X) က ဈေးကွက်ဝေစု ၁၆ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရှိနေပြီး ယခင်က သိန်းထောင်ကျော် ဈေးပေါက်ခဲ့သည့် တိုယိုတာလန်ခရူဇာ (Toyota Land Cruiser) က ဈေးကွက်ဝေစု ကိုးရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ဈေးကွက်ရပ်တည်နေကြောင်းယင်းစစ်တမ်း၏ဖော်ပြချက်အရ သိရသည်။

မြန်မာ့ကားဈေးကွက်အတွင်းရှိ ဇိမ်ခံကား အမျိုးအစားများနှင့် ပက်သတ်၍ Motors.com.mm ၏ Country Manager ဖြစ်သူ Mr.Sascha Pasqual Woelk က "မြန်မာနိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ မြန်မာပြည်ရဲ့ ဇိမ်ခံကားဈေးကွက်လည်း အများကြီးဖွံ့ဖြိုးတိုးတက်လာမှာပါ။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးလာပြီး ပြည်သူတွေရဲ့ ဝင်ငွေတွေ တိုးတက်လာတာနဲ့အညီ လာမယ့်နှစ်အနည်းငယ်မှာ မြန်မာနိုင်ငံကို ဥရောပနဲ့ အမေရိကန် အမှတ်တံဆိပ် ဇိမ်ခံကားအမျိုးအစား အများကြီး တင်သွင်းလာမှာဖြစ်ပြီး တိုယိုတာ မတ်ခ်အိတ်စ်(Toyota Mark X)နဲ့ တိုယိုတာ မတ်ခ်တူး(Toyota Mark II) တို့လို ဈေးသင့်တဲ့ အလယ်အလတ်တန်းစားဇိမ်ခံကား အမျိုးအစားအမှတ်တံဆိပ် အသစ်တွေ မော်ဒယ်အသစ်တွေလည်း တွေ့မြင်ရတော့မှာပါ"ဟု မှတ်ချက်ပေးကာ အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါစာရင်းကောက်ယူမှုကို ပြည်တွင်းရှိ မော်တော်ယာဉ်အရောင်းပြခန်းများနှင့် တစ်သီးပုဂ္ဂလမော်တော်ယာဉ် ရောင်းဝယ်သူများ အများဆုံးအသုံးပြုလျက်ရှိပြီး အွန်လိုင်းမှ တစ်ဆင့် မော်တော်ယာဉ် အရောင်းအဝယ် ပြုလုပ်သည့် Motors.com.mm မှ အချက်အလက်များကို အခြေတည်ပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း Public Relations Officer ဦးဖြိုးပြည့်စုံလွင်က ပြောသည်။

အချက်အလက်ကောက်ယူရာတွင် ဇိမ်ခံကားဟု သတ်မှတ်သည့်စံနှုန်းမှာ နိုင်ငံတကာအဆင့်ဖြင့် သတ်မှတ် တိုင်းတာခြင်းမျိုးမဟုတ်ဘဲ ပြည်တွင်းမော်တော်ယာဉ် ရောင်းဝယ်သူအများစုက ဇိမ်ခံကားအမျိုးအစားဟု သတ်မှတ်ထားလေ့ရှိသည့် ကားအမျိုးအစားများကိုသာအချက်အလက် ကောက်ယူခဲ့ခြင်းမျိုးဖြစ်ကြောင်းယင်းက ဖြည့်စွက်ပြောသည်။

Motors.com.mm သည် ပြည်တွင်းရှိ မော်တော်ယာဉ် အရောင်းပြခန်းပေါင်း ၂၂၀ ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ ရန်ကုန်မြို့ရှိ မော်တော်ယာဉ် ရောင်းဝယ်ရေးစခန်း လေးခုရှိ မော်တော်ယာဉ်အကျိုးဆောင်များ၊ တစ်သီးပုဂ္ဂလ မော်တော်ယာဉ် ရောင်းဝယ်သူများ စသည့် ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သူများ၏ ၉၅ ရာခိုင်နှုန်းကျော်နှင့် ချိတ်ဆက်ထားပြီး လုပ်ငန်းလည်ပတ်လျက်ရှိသော အွန်လိုင်းအခြေပြု မော်တော်ယာဉ်ရောင်းဝယ်ရေး ဝက်ဘ်ဆိုဒ်တစ်ခု ဖြစ်သည်။

ပေါ်လစီအပြောင်းအလဲ၊ ဆိပ်ကမ်းရောက်တန်ဖိုးအပြောင်းအလဲနှင့် ဂျပန်လေလံဈေးအပြောင်းအလဲတို့ကြောင့် အင်ဂျင်ပါဝါအမြင့်၊ မော်ဒယ်အမြင့် ဇိမ်ခံကားအမျိုးအစားများမှာဈေးနှုန်းများစွာ ကျဆင်းနိုင်ခြင်းမရှိပေ။

လက်ရှိတွင် အရောင်းသွက်လျက်ရှိသော ၂၀၀၂/၂၀၀၃ မော်ဒယ် Toyota Alphard များမှာမူ အနာဂတ် ဇိမ်ခံကားဈေးကွက်တွင် လူလတ်တန်းစားတို့အတွက် ဈေးနှုန်းသင့်ပြီး ဝယ်ယူရန်သင့်တော်သော ကားအမျိုးအစားဖြစ်လာနိုင်ကြောင်း Motors.com.mm ၏ မြန်မာ့ကားဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်သည်။ **ဂျီဂျီ**

# ကော့ကရိတ်တွင် ခရီးသည်တင်ယာဉ်များ

## ပညာပေး စစ်ဆေးဆောင်ရွက်



**ကော့ကရိတ်၊ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်သို့ ဝင်ရောက်ထွက်ခွာသော ခရီးသည်တင်မှန်လုံယာဉ်များ၊ ခရီးသည်တင်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ လမ်းခရီး၌ ယာဉ်မတော်တဆလျော့နည်းပပျောက်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအတွက် မော်တော်ယာဉ်များ ကြံ့ခိုင်မှု၊ ယာဉ်မောင်း ယာဉ်နောက်လိုက်များ လိုင်စင်ပြည့်စုံမှု၊ ယာဉ်ပေါ်တွင် အသက်ကယ်မှန်ခွဲကိရိယာ၊ မီးသတ်ဆေးဘူးများ ထားရှိမှုတို့ကို အောက်တိုဘာ ၁၇ ရက်က စစ်ဆေးခဲ့ကြသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ ခရိုင် က. ည. န ဦးစီးမှူး ဦးကျော်စိုး၊ ခရိုင်ပို့ဆောင်ဆက်သွယ်ရေးဦးစီးမှူး ဦးသိန်းဖေမြင့်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်၊ ကော့ကရိတ် ယာဉ်ထိန်းတပ်စိတ်မှူးရဲအုပ်ဇေယျာလတ်နှင့် ဝန်ထမ်းများက ပညာပေးစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ **ကြေးမုံ**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ပညာပေးဟောပြော

**ဇန်းမောက်၊ အောက်တိုဘာ ၂၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ဇန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်က မူးယစ်ဆေးဝါးပေါ်ပေါက်လာသည့်သမိုင်းကြောင်းနှင့် ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေများအကြောင်းကိုလည်းကောင်းဟောပြောခဲ့သည်။

မြို့နယ်တရားသူကြီး ဦးစံရွှေသိန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသောဆိုးကျိုးများနှင့် ခံစားရမည့် ပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်နှင့်ကျေးရွာအုပ်စုလေးအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ဒေသခံများစုစုပေါင်းအင်အား ၂၁၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မေသူဟန်(ပြန်/ဆက်)**

# ကျောက်ထုမြို့နယ် သစ်တောစံပြစိုက်ကွက်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ကျောက်ထု၊ အောက်တိုဘာ ၂၄**

ကျောက်ထုမြို့နယ် လယ်ကြီးအိုင်ကျေးရွာ သစ်တောစံပြစိုက်ကွက်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆောမြို့နယ် အုပ်ချုပ်ရေးမှူးဦးနိုင်ထွန်း၊ ကျောက်ထုမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့်ဆောမြို့ နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးထွန်းထွန်းမင်တို့ က ဦးဆောင်ကွက်ကဲလျက် ဌာနဆိုင်ရာဝန်ထမ်းများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အသင်းအဖွဲ့များ၊ ဒေသခံများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၇၈ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဆောမြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ ကျောက်ထုမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးက အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့လည်းကောင်း၊ ဆောမြို့နယ် သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းမင်းက ပညာရေးဝန်ထမ်းများနှင့် ဒေသခံများသို့လည်းကောင်း ပျိုးပင်များပေးအပ်ခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း ၁၀၀ ပင်၊ ယူကလစ် ၁၀၀၊ မယ်ဇလီ ၁၀၀၊ စိန်ပန်း ၅၀၊ ကုက္ကိုပင် ၅၀ စုစုပေါင်း ပျိုးပင် ၄၀၀ ကို စိုက်ဧကဒသမ ၇၅ တွင် စည်ကားသိုက်မြိုက်စွာ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဟုန်းမာန်**


## မြေကွက်ရောင်းမည်(ပုဂံမြို့)

ပုဂံဟိုတယ်ဇုန်(ကျစ္စာ) ပေ(၆၀×၈၀) နှစ်ကွက်တွဲ ပေ(၁၂၀×၈၀) နေရာ အလွန်ကောင်း၊ သဇင်ဟိုတယ်အနီး၊ ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၄၄၇၁၂

## မြေကွက်ရောင်းမည် (ပွဲစားမလိုပါ)

- တ/ဒဂုံ (၁၅၃) ၂၈၈၂ (ဂရန်) ၁၂၀သိန်း
- ဒဂုံဆိပ်ကမ်း (၇၈) ၄၈၃ (ပါမစ်) ၃၅၀ သိန်း
- ရွှေပြည်သာ ၈/၁၁ VIP ၂၂၉ ၆၀'×၆၀' ထောင့်ကွက် ၄၅၀ သိန်း

ဖုန်း-၀၉-၅၁၃၄၆၃၀၊ ၀၉-၁၁၅၅၉၇၅၅

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ တိုက်အမှတ် (၇)၊ မြေညီ+ပထမထပ်(ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ 1/2'× ၅၀') ရှိ ရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဒေါ်ခင်ခင်ထွေး (၁၂/ကမရ(နိုင်)၀၀၀၉၇၆) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မာဆွေ (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၉၈)
အခန်းအမှတ် (၁၀၃/အေ+ဘီ)၊ တိုက်အမှတ် (၉/၁၁)
၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၃၈၉၇၄၊ ၀၉–၇၃၁၉၇၆၅၈

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၂)၊ မြေကွက် အမှတ်(၉၆)၊ ပေ (အလျား ၄၀× အနံ ၆၀)၊ မြေကွက်ရရှိသူ အမည်ပေါက် ဦးဌေးအောင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဇော်ဦး(ဘ)ဦးတန်ဘွန်ပွန် မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၁၀၄၀၇၃] ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ (၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၅၂၃)၊ ဦးပိုင်အမှတ်(၉၁)ဟု ခေါ်တွင်သော ဥယျာဉ်ခြံမြေ (၁. ၀၀) ဧကခန့်ရှိ ၃၂၀'× ၁၁၀'/၁၅၀' ခန့်ရှိ ဥယျာဉ်ခြံမြေနှင့် အကျိုးခံစားခွင့်များ အားလုံးတို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်နော်သင်းကြူ(ISN- ၄၄၈၆၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အဆိုပါခြံဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ခြံမြေအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား အပြီးအသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြာညိုနှင်းရည် LL.B — ဦးတင်ထွဋ် H.G.P, LL.B (Advocate)
အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆) — တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀/၉၁)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၁၁၉၂၅၆၊ ၀၉-၄၃၁၉၈၃၂၀

## တစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးစိန်လွင်[၁၂/ရကန(နိုင်)၀၂၃၉၃၄]အား သန်းခေါင်စာရင်း၌ ဖော်ပြသည့် ဦးစန်းရွှေနှင့် လူပုဂ္ဂိုလ်တစ်ဦးတည်း၏အမည် ဖြစ်ပါသဖြင့် ဦးစိန်လွင်(ခ)ဦးစန်းရွှေဟု ခေါ်ပါရန် အသိပေးကြေညာအပ်ပါသည်။

## အသိပေးကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၅၅၇)၊မြေကွက်တည်နေရာအမှတ်(၅၅၇)၊စပယ်(၂)လမ်း၊ ဒေါ်သန်းအေး(၁၂/ဥကမ(နိုင်)၀၉၃၄၁၀)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအား ဒေါ်သန်းအေး ကိုယ်တိုင်မှဂရန် ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာကန့်ကွက်သူ မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလ ထုတ်ပေးထားသည့် ဒေါ်သန်းအေးအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်အမှတ်-မဥ/၄-၆၆၇(၂၇-၉-၉၃)ပါ(ဂရန်)မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးကိုယ်စားလှယ်လွှဲစာ(SP) ပြန်လည်ရုပ်သိမ်းခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပုန်းညက်လမ်း၊ အိမ်အမှတ်(တ/၃၇)နေ ကျွန်တော်ဦးတင်ထွန်း(အဖ)ဦးအောင်မြို့ [၉/မလန(နိုင်)၀၀၅၄၃၆] မှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြေကွက်အမှတ် (ဏ-၃၅) အကျယ်အဝန်း (၁၂၀×၈၀) ပေ၊ ဧရိယာ (၀. ၂၂)ဧက၊ ဦးပိုင်အမှတ် (၇၈)၊ မြေယာအမှတ်(၇၈)၊ ဂရန်အမှုတွဲအမှတ် (၆၈၈/၉၈-၉၉) အတွက် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ (၁၆)လမ်း၊ အိမ်အမှတ်(၁၄)နေ မစိုးစိုးခိုင် (အဖ) ဦးကျော်မြင့် (NKO-၀၄၅၅၃၅)သို့ လွှဲအပ်ထားသည့် ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဦးချစ်ထွန်းအောင်၏ ၂၃-၆-၂၀၁၄ရက်စွဲပါ SPအမှတ်(၃၇၇)ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ထွန်း
[၉/မလန(နိုင်)၀၀၅၄၃၆]

ညလွှတ် မီးပုံးပျံတွင် အဆင်တန်ဆာ အလှအပစီခြယ်မှုဖြင့် ယှဉ်ပြိုင်ရသည့် စိန်နားပန်၊ ယမ်းမီးပေါက်ကွဲမှုပသာဒဖြစ်စေသည့် မီးကြီးဟူ၍ ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လှည်ပွဲ၊ လပြည့်နေ့ညတွင် မီးပဒေသာလှည့်လည်ပြိုင်ပွဲနှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲများနှင့်အတူ ပွဲတော်၏ အလှအပ သဘာဝများအားပိုမိုပီပြင်စွာ ပြသနိုင်ရန် အလွတ်တန်းခေတ်ပုံပြိုင်ပွဲလည်း ထည့်သွင်းကျင်းပပေးပြန်သည်။

၂၀၁၂ ခုနှစ်ပွဲတော်မှစတင်ပြီး အဆိုပါပြိုင်ပွဲများအပြင် Miss တန်ဆောင်တိုင်ပြိုင်ပွဲနှင့် မြို့တွင်းရှိ ရုံး၊ နေအိမ်များ၏ မီးအလှဆင်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။

ထို့အပြင် မီးပုံးပျံပြိုင်ပွဲတွင် ဒေသခံများနှင့်အတူ ရှမ်းပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှလည်း မီးကြီး၊ စိန်နားပန်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လာခြင်းဖြင့်လည်း ပြိုင်ပွဲပြိုင်ဆိုင်မှု အရှိန်ပိုမိုအားကောင်းလာသည်ဟုထင်မြင်ရပါသည်။ တိုးတက်လာသည့်နည်းပညာများနှင့်အတူ ဒေါက်တာသန်းဝင်း၊ ဦးတင်ဝင်း စသည့်မီးပုံးပျံပညာရှင်များမှလည်း ယမ်းစပ်နည်းအသစ်များ တီထွင်လာကြရာ အလွန်ဆန်းပြားသည့် မီးရေတံခွန်၊ မီးပုလဲ၊ ငါးရှဉ့်၊ ခိုပျံ၊ နှစ်ဆင့်ကွဲ စသည့်ပိုမိုလှပသည့် ပေါက်ကွဲမှု၊ အရောင်စုံမှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် အများပြည်သူကြည့်ရှုသူများအတွက် မျက်မြင်ပသာဒ ပိုမိုလှပစေသည်။

၂၀၁၃ ခုနှစ် တန်ဆောင်တိုင်ပွဲတော်အတွင်း လွှတ်တင်ကြသည့် နေ့ညမီးပုံးပျံစာရင်းမှာ နေ့လွှတ်ခြေနှစ်ချောင်း ၁၆၀ လုံး၊ ခြေလေးချောင်း ၉၇ လုံး၊ အုပ်စုလိုက်၊ သင်းကွဲ ၇၀ လုံး၊ စုစုပေါင်း ၃၂၇ လုံး၊ ညလွှတ် ညမီးကြီး ၈၆ လုံး၊ စိန်နားပန် ၃၇ လုံး၊ စုစုပေါင်း ၁၂၃ လုံးဖြစ်၍ စုစုပေါင်း ၄၅၀ လုံးအား ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၈ ရက်ညအထိ မြိုင်မြိုင်ဆိုင်ဆိုင် လွှတ်တင်ခဲ့ကြပြီး ပွဲတော်လာပရိသတ်အပေါင်းမှာလည်း နယ်ခံ၊ ပြည်နယ်တွင်းနှင့် အခြားဒေသများမှ လာရောက်ကြသည့် ဧည့်သည်များနှင့် အထူးပင်စည်ကားခဲ့ပါသည်။

ယင်းအပြင် ဆုတန်ဖိုးများအားလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ချီးမြှင့်ခဲ့ရာ ညမီးကြီး ပထမဆု ကျပ် ၄၅ သိန်း၊ ဒုတိယဆု ကျပ် ၃၅ သိန်းနှင့် တတိယဆု ကျပ် ၃၀ သိန်းနှင့် အခြားဆုများအတွက် ကျပ် ၂၆၁ သိန်းအားလည်းကောင်း၊ စိန်နားပန် ပထမဆုကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၂ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်းနှင့် အခြားဆုများအတွက် ကျပ် ၅၆ သိန်း၊ နေ့လွှတ် အရုပ်ပြိုင်ပွဲအုပ်စုအတွက် ကျပ် ၂၁ သိန်း၊ ခြေလေးချောင်းပြိုင်ပွဲအတွက် ကျပ် ၁၇ သိန်း၊ ခြေနှစ်ချောင်းပြိုင်ပွဲများအတွက် ကျပ် ၂၃ သိန်းကိုလည်းကောင်း၊ မီးပဒေသာပြိုင်ပွဲအတွက် ပထမဆုကျပ် ၁၈ သိန်း၊ ဒုတိယဆုကျပ် ၁၅ သိန်း၊ တတိယဆု ကျပ် ၁၃ သိန်းနှင့် နှစ်သိမ့်ဆုလေးဆုအတွက် ကျပ် ၁၆ သိန်း၊ စုစုပေါင်းကျပ် ၆၂ သိန်းကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

Miss တန်ဆောင်တိုင်ပြိုင်ပွဲအတွက် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်းနှင့် ကျန်ဆုများအတွက်ကျပ် ခြောက်သိန်းခွဲကိုလည်းကောင်း၊ ခေတ်ပုံပြိုင်ပွဲအသီးသီးတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများတစ်ဆုလျှင်ငါးသောင်းကျပ်စီနှင့် ကျပ်သိန်း ၃၀ ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ရာ ပွဲတော်အတွင်း ပြိုင်ပွဲအသီးသီးအတွက် မသိုးသင်္ကန်းရက်ပြိုင်ပွဲအပါအဝင် ဆုငွေတန်ဖိုး ကျပ်သိန်း ၆၅၀ နီးပါးခန့် အသုံးပြုခဲ့ပါသည်။

မြို့လုံးကျွတ် ဘုံကထိန်ပွဲတော်တွင် မြို့မိမြို့ဖများ၊ အများပြည်သူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ အလှူငွေအပါအဝင် ပဒေသာပင်ပေါင်း ၂၁၅ ပင်အတွက် ငွေသားတန်ဖိုး ၄၈၃၀၉၃၄၄ ကျပ်ရှိပြီး ငွေသား ၅၈၇၆၉၃၅ ကျပ်နှင့် ပရိဘောဂတန်ဖိုး ၁၁၉၈၀၀၀ ကျပ်နှင့် အခြားလှူဖွယ်မျိုးစုံ ၄၁၂၃၄၉၄၉ ကျပ်၊ သင်္ကန်းမျိုးစုံ ၁၇၆၄ စုံ လှူဒါန်းခဲ့ကြပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့လယ်ဓမ္မာရုံ၌ ကထိန်မခင်းရသေးသော ကျောင်း ၂၈ ကျောင်းအား ၆၀ ရာခိုင်နှုန်းနှင့် ခင်းပြီးကျောင်း ၄၀ တို့အား ၄၀ ရာခိုင်နှုန်းဖြင့် စနစ်တကျ ခွဲဝေဆက်ကပ်လှူဒါန်းခဲ့ပါသည်။

မည်သို့ပင်ဆိုပါစေ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်၏ နှစ်အလိုက် ခေတ်အလိုက် ထင်ရှားတိုးတက်မှုများအား အံ့မခန်းပင် ဖြစ်ပါသည်။ တိုးတက်လာသောခေတ်ရေစီးကြောင်းနှင့်အတူ တောင်ကြီးသားတို့၏ ရိုးရာဓလေ့ လက်မှုအနုပညာများ မပျောက်ပျက်ရေး ထိန်းသိမ်းရင်း နှစ်စဉ်ဆင်နွှဲ တောင်ကြီးတန်ဆောင်တိုင်ပွဲအား မည်သူမဆို လာရောက်ကြည့်ရှု သဒ္ဒါမှုဖြင့် အားပေးကြပါရန် နှိုးဆော်ရင်း ပွဲတော်သမိုင်းအကျဉ်းအား လေ့လာမှတ်သား တင်ပြအပ်ပါသည်။

**မှီငြမ်းကိုးကား –**

၁။ တောင်ကြီးမီးပုံးပျံ သမိုင်းမှတ်တမ်းအကျဉ်း။
၂။ မြို့လုံးကျွတ် ဘုံကထိန်ပွဲ အစီရင်ခံစာများ (မြို့လယ်ဓမ္မာရုံမှပြုစုသည်)။
၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အဆက်ဆက်၏ ပွဲတော်ကျင်းပရေးစီမံချက်များ။
၄။ မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင်တချို့အား တွေ့ဆုံမေးမြန်းမှုများ။
၅။ မြို့လယ်ဓမ္မာရုံ ဘုံကထိန်လျှောက်တင်လွှာအကျဉ်းချုပ်။

# မလှိုင်မြို့ရှိ နှစ်ပေါင်း ၂၀၀ ကျော်ခန့်ရှိသောမေတ္တာကန်တော် ပြန်လည်တူးဖော်

**မလှိုင်၊ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့သည် အစိုးရရုံးစိုက်ရာမြို့ဖြစ်ပြီး မိတ္ထီလာမြို့၏ အနောက်မြောက်ဘက်ရှိ သာစည်-မြင်းခြံ ရထားလမ်းပိုင်းနှင့် မိတ္ထီလာ-မြင်းခြံ ကားလမ်းပေါ်တွင် တည်ရှိသည့် မိတ္ထီလာမြို့နှင့် ၂၂ မိုင်ကွာဝေးသော မလှိုင်မြို့သည် ၄၃၁ စတုရန်းမိုင် ကျယ်ဝန်းသည်။

ဝါ၊ နှမ်း၊ ကြက်သွန်၊ ထန်းလျက်နှင့် ပဲအမျိုးမျိုးစိုက်ပျိုးကြ၍ မလှိုင်ဝါသည် မြန်မာပြည်တွင် နာမည်ကြီးပြီး ပဲစင်းငုံအထွက်တိုးဆုများ ရရှိခဲ့သည့်မြို့ဖြစ်သည်။



မီးရထားလမ်း၊ ကားလမ်းပေါ်တွင် တည်ရှိသည့်အတွက် ဒေသခံများအနေဖြင့် ရောင်းဝယ်ဖောက်ကားမှု များပြီး မလှိုင်မြို့၏ စည်ပင်သာယာဈေးသည်ငါးရက်တစ်ဈေးဖြစ်သကဲ့သို့ အနီးအနားရှိ ရွာများမှ လာရောက်ရောင်းဝယ် ကုန်စည်ကူးသန်းကြသည်။ အထူးသဖြင့် ဝါဂွမ်းကို တွင်ကျယ်စွာ စိုက်ပျိုးခြင်းကြောင့် ဒေသခံတောင်သူများ အဆင်ပြေကြောင်း သိရသည်။

ထို့အတူ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဘုရားများအနက် မလှိုင်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်၌ နှစ်စဉ်ဘုရားပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မလှိုင်မြို့သည် မြန်မာမင်းလက်ထက်က မြို့ဟုခေါ်ခဲ့ဖူးကြောင်း အထောက်အထားများအရ တွေ့ရသည်။

မလှိုင်မြို့တွင် နှစ်ပေါင်း ၂၀၀ ကျော်ခန့်ရှိ မေတ္တာကန်တော်သည် တိမ်ကောခြောက်သွေ့နေသဖြင့် ဇွန် ၂၃ ရက်က မြို့နယ်သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ မေတ္တာကန်တော်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှု၊ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက စက်ယန္တရားကြီးများဖြင့် တူးဖော်ရာ ကန်ပတ်လည်အရှည် ပေ ၅၀၀၊ အရှေ့အနောက် ပေ ၂၀၀၊ တောင်မြောက် ပေ ၁၀၀၊ အနက် ၁၅ ပေခန့်ကို တူးဖော်ခဲ့ပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၂၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှေးနှစ်ပေါင်းများစွာက ဒေသခံပြည်သူများ အားကိုးခဲ့သည့် မေတ္တာကန်တော်ကို ပြန်လည်တူးဖော်ခြင်းကြောင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိပြီး ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# သီပေါတွင် နားကန်–ဖတ်နမ့် ကျောက်ချောလမ်းခင်း

**သီပေါ၊ အောက်တိုဘာ ၂၄**

ကျေးလက်ဒေသနှင့် မြို့ပြသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုလွယ်ကူချောမွေ့ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်နှစ်မိုင်အရှည်ရှိ တင်ဒါအောင်မြင်သော ကုမ္ပဏီမှ ဆောင်ရွက်သည့် နားကန်-ဖတ်နမ့် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းအား ဦးစီးအရာရှိ(နည်းပညာ) ဦးလှစိုး၊ ကျေးလက်လူငယ် ဒေါ်ဆိုင်ကျမ်း၊ ကျေးရွာလူကြီးများနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျောက်ချောလမ်း ခင်းကျင်းပေးမှုကြောင့် ဒေသခံပြည်သူများ နွေ၊ မိုး၊ ဆောင်း အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ပြီးလူမှုရေး၊စီးပွားရေး၊ ကျန်းမာရေးကိစ္စများအပြင် တောင်သူလယ်သမားများမှ ခြံထွက်သီးနှံ၊ စပါး၊ ပဲ၊ ဂျုံ၊ ပြောင်း၊ လိမ္မော်၊ ရှောက်ချိုသီးနှံများကို မြို့ပြသို့ လွယ်လင့်တကူ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**စိုင်း(သီပေါ)**


## ဆီဆိုင်ပိုင်ရှင်များအတွက် သတင်းကောင်း

ဆိုင် ၄၀၀ ကျော် တပ်ဆင် အောင်မြင်ပြီး

လက်ငင်း ၊ အကြွေး၊ လီတာ၊ ပီပါ
စာရင်းစုံသွင်းနိုင်ပြီး
၁ကျပ်၊ ၁လီတာ စာရင်းမကွာစေရန်
ဆီဆိုင်အရောက် တပ်ဆင်သင်ကြားပြသပေးမည်
အင်ဖိုစစ်မြန်မာ
ဆီဆိုင်သုံးကွန်ပျူတာစနစ်

အထူး Promotion October အတွင်း Upto 30% Discount

အင်ဖိုစစ်မြန်မာ - 01-291442, 09-732 03624

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | ဂယာ | သာဝတ္ထိ | မိဂဒါဝုန် | ကုသိနာရုံ |
|---|---|---|---|---|
| ၁။ မြေ(၁)စတုရန်းပေ (ကျပ်) | | | ၁၅,၀၀၀ | ၁၀,၀၀၀ |
| ၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်) | ၂၂,၀၀၀ | ၂၀,၀၀၀ | ၂၁,၀၀၀ | ၂၀,၀၀၀ |

ရုံးချုပ် - ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဗီလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊ မရမ်းကုန်း၊ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ(၁) - အမှတ်(၂၈၉)၊မြေညီထပ်၊ပန်းဆိုးတန်းလမ်း၊ခုံးကျော်တံတားအနီး၊ကျောက်တံတား၊ ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၀၇၈၃
ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်-(၈၄၉)၊ မြေကွက်တည်နေရာ-အမှတ်(၈၄၉)၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက် ဦးအောင်နိုင်ထူး[၁၂/စခန(နိုင်)၀၂၄၉၉၃] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်နိုင်ထူး ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာမို့မို့လွင်[၁၂/ပဘတ(နိုင်) ၀၁၉၇၉၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၇၇/က)၊ မြေကွက်တည်နေရာအမှတ်(၁၇၇/က)၊ မြင်သာ(၄)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကြည် AA-၀၅၉၁၀၁ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်(မိတ္တူ) လျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဂရန်(မိတ္တူ) ထုတ်ပေးပြီးဖြစ်ပါသဖြင့် မူလထုတ်ပေးထားသည့် ဦးကြည် AA-၀၅၉၁၀၁ ၏ဂရန်မူရင်း စာအုပ်အား ဤဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

သရက်တောလမ်း၊ လမ်းသန့်၊ အကျယ်ပေ(၁၂½×၅၅)၊ တတိယထပ်(၄-လွှာ)၊ ပါကေးခင်း၊ အခန်း(၁)ခန်း၊ အဲယားကွန်း ၁ လုံး၊ မီးဖိုချောင်ကြွေခင်းကြွေကပ်၊ အိမ်သာဘိုထိုင်၊ တိုက်သစ်၊ သိန်း(၆၁၀)။

ဖုန်း-၀၉-၄၀၁၆၁၆၉၁၇၊ ၀၉-၂၅၄၂၈၂၂၈၁

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော်　အောက်တိုဘာ ၂၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ခွင့်ပြုငွေနှင့် အမှန်တကယ်သုံးစွဲငွေများသည် မမျှော်မှန်းနိုင်လောက်သော ငွေကြေးပမာဏများဖြစ်နေခြင်း၊ မူလဘတ်ဂျက်လျာထားငွေခွဲဝေစဉ်က စနစ်တကျသေချာစွာ စိစစ်ခြင်းမရှိမှုတို့ကြောင့် ဒုတိယအကြိမ်ထပ်တောင်းရန် ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားမှုတို့ကြောင့် အများအပြား ဖြည့်စွက်တောင်းဆိုမှုများသည် ဘတ်ဂျက်၏ ခိုင်မာမှုကို ထိခိုက်စေပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘဏ်များနှင့် ငွေရေးကြေးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒေါ်ခင်စန်းလှိုင်က ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် အချို့သောအဖွဲ့အစည်းများသည် မူလခွင့်ပြုထားသည်ထက် နှစ်ဆယ်ရာခိုင်နှုန်းခန့် ပိုမိုတောင်းခံထားသည်ကို တွေ့ရှိရပါကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✱**

## ယနေ့ မာတိကာ


အခါမဲ့မိုးရွာသွန်းဖြိုး — စာမျက်နှာ - ၂

စာချုပ်နှင့် ဥပဒေ — စာမျက်နှာ - ၆

စားသုံးသူများ၏အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရန် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်း — စာမျက်နှာ - ၇

မန္တလေး ငါးမြို့နယ်အတွင်းရှိ ဗီဒီယိုအငှားဆိုင်များ စစ်ဆေးအရေးယူသွားမည် — စာမျက်နှာ - ၁၁

ရီးယဲလ်၌သာ နည်းပြဘဝ အဆုံးသတ်မည်ဟု အန်ဆယ်လော့တီဆို — စာမျက်နှာ - ၁၃




# လယ်သမားဘဝတိုးတက်ရေး နည်းပညာပြောင်းလဲကြရန် လိုအပ်

**သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကြည်၊ ရာမည**

"ဝန်ကြီးအနေဖြင့် ကျွန်တော်တို့ လယ်သမားဘဝကို သိရှိနားလည်ခြင်းကြောင့် ကျေနပ်ဝမ်းမြောက်မိကြောင်း၊ လယ်သမားနှင့် ဝန်ကြီးဌာန လက်တွေ့ကျကျ ပူးပေါင်းလုပ်ကိုင်နိုင်မည်ဆိုပါက မိမိတို့ဘဝ တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း"ဖြင့် ဝန်းသိုနယ်မှ တောင်သူလယ်သမားတစ်ဦးက ပြောကြားသွားသည်။

အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တောင်သူလယ်သမားများအတွက် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ပညာပေးခြင်းနှင့် စားသုံးသူပြည်သူများအတွက် အော်ဂဲနစ်သစ်သီးဝလံပန်းမန်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေသော နေပြည်တော် ဧက(၉၀၀) စက်စက်ယိုစိုက်ကွင်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုခရိုင် ကောလင်းမြို့မှ ဒေသခံတောင်သူလယ်သမားအင်အား ၉၀ ပါ စိုက်ပျိုးရေးနှင့် ဒေသန္တရလေ့လာရေးအဖွဲ့များ လာရောက်လေ့လာစဉ် တောင်သူတစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

လေ့လာရေးအဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နှစ်ပေါင်း ၅၀ ကျော်ကြာ နားမျက်စိပိတ်၍ အိပ်ပျော်နေခဲ့သောကာလများ၏ အကျိုးဆက်အဖြစ် စက်မှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနည်းပညာကဏ္ဍများတွင် မိမိတို့ လယ်သမားများ နောက်ကျကျန်ခဲ့ကြပြီးဖြစ်ရာ ယခု ပစ္စုပ္ပန်အခြေအနေအရ အားလုံး တက်ကုန်ရွက်ကုန် ဘက်ညီအောင် ကြိုးစားရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်မှာ လောလောဆယ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# ကေကေအို စောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အနေဖြင့် မိသားစုဝင်များအား ခေါ်ယူအသိပေး၍ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်

**နေပြည်တော်　အောက်တိုဘာ ၂၄**

စက်တင်ဘာ ၂၆ ရက်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့အနီးသို့ ကေကေအိုအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောဝင်းဇော်ခေါင်းဆောင်သော အင်အား ၂၀ ခန့်သည် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင်လျက် ရောက်ရှိလာကြောင်း သတင်းရရှိသဖြင့် နယ်မြေခံတပ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့တို့သွားရောက်၍ မြို့တွင်းသို့ လက်နက်ကိုင်ဆောင်ဝင်ရောက်ခြင်းမပြုရန် ပြောကြားခဲ့ရာ ကေကေအိုအဖွဲ့မှ ပူးပေါင်းအဖွဲ့အား လက်နက်များဖြင့် ချိန်ရွယ်၍ ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးတပ်စိတ်တစ်စိတ်မှ လိုက်လံပူးပေါင်းစဉ် အသင့်စောင့်ဆိုင်းနေရာယူထားသည့် အင်အားနှင့် ခေါင်းဆောင်(စိစစ်ဆဲ) ကေကေအိုအဖွဲ့မှ ထပ်မံထိန်းသိမ်းခဲ့ပြီး သိမ်းဆည်းထားသည့် လက်နက်များကိုယူဆောင်၍ ကျိုက်မရောမြို့၏အရှေ့ဘက်ရှိ အတ္ထရံမြစ်အားဖြတ်ကူးကာ အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရှိရသဖြင့် နယ်မြေခံတပ်မတော်စစ်ကြောင်းများဖြင့် လိုက်လံရှင်းလင်းဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ●**




RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-52190

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၊
themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ဇူ ၁၆ တွင် စတင်တည်ထောင်သည်။ ကြေးမုံ The Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

